
# ဗုဒ္ဓဂယာ

## သံဝေဇနီယလေးဌာန (အိန္ဒိယ-နီပေါ)

## ဘုရားဖူးလမ်းညွှန်





. ၃၄
၀တ


[illegible] ဘုရားဖူးအဖွဲ့ မှ စီစဉ်သည်

၈ . ၃ . ၂၀၁၀
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကြည့် တိုက် သို့
မှ လှူဒါန်း ပါသည်။

# ဗုဒ္ဓဂယာ

## သံဝေဇနိယလေးဌာန (အိန္ဒိယ-နီပေါ)
## ဘုရားဖူးလမ်းညွှန်




**မဟာတိုး** ဘုရားဖူးအဖွဲ့
အမှတ် (၈၁၅)၊ မဟာဗန္ဓုလလမ်း (လှည်းတန်းလမ်းထောင့်)
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Tel : 227322, 221586, 09 501 9091 Fax : 95-1-227322
www.mahatoe.com E-mail : mahatoe@mptmail.net.mm

သာသနာရေးဦးစီးဌာနအတွက်
ဦးရဲမြင့် (မြဲ - ၀၆၁၀၃)
ချမ်းသာရောင်စုံပုံနှိပ်တိုက်၊ အမှတ်-၅၃/၆၊ ၅၅-လမ်း၊
ပုဇွန်တောင်မြို့နယ်က ပုံနှိပ်၍
ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း (၀၃၈၄၃/၀၂၄၀၅) က
ထုတ်ဝေသည်။



# ဘူမိဖဿဆင်းတုတော်

မဟာဗောဓိ ဗုဒ္ဓဂယာ (အိန္ဒိယနိုင်ငံ)


ဓမ္မစက္ကဆင်းတုတော်
မိဂဒါဝုန် ၊ ဗာရာဏသီ (အိန္ဒိယနိုင်ငံ)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သံဝေဇနိယလေးဌာန | ၁ |
| ၂။ | အဝိဇဟိတလေးဌာန | ၂ |
| ၃။ | ဗုဒ္ဓဂယာ | ၄ |
| ၄။ | မိဂဒါဝုန် | ၁၆ |
| ၅။ | သာဝတ္ထိ | ၃၃ |
| ၆။ | လုမ္ဗိနီ | ၄၄ |
| ၇။ | ကုသိနာရုံ | ၅၀ |
| ၈။ | ဝေသာလီ | ၅၆ |
| ၉။ | ပဋ္ဌာနား | ၅၆ |
| ၁၀။ | နာလန္ဒာ | ၅၉ |
| ၁၁။ | ရာဇဂြိုဟ် | ၅၉ |
| ၁၂။ | သင်္ကဿနဂိုရ် | ၆၇ |
| ၁၃။ | ပို့ဆောင်ရေးအစီအစဉ် | ၇၃ |
| ၁၄။ | မြေပုံများ | ၈၀ |
| ၁၅။ | စုပေါင်းရွှတ်ဆိုရန်ဘုရားရှိခိုး | ၈၈ |
| ၁၆။ | မြန်မာဘုန်းတော်ကြီးကျောင်းများ၏ဖုန်းနံပါတ်များ | ၉၀ |
| ၁၇။ | ကျမ်းကိုးစာရင်း | ၉၁ |

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မဟာတိုး – ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

# ဗုဒ္ဓဂယာ ဘုရားဖူး လမ်းညွှန်

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် ရှေးပဝေသဏီမှစ၍ ဘုရားဖူးမြော်ခြင်းကိစ္စကို နိစ္စဓူဝ အစဉ်တစိုက်ဆောင်ရွက်ခဲ့ကြရာ၊ မိမိနေအိမ်၊ မိမိမြို့ရွာတို့ရှိဘုရားပုထိုး ဆင်းတုတော်များကို ဖူးမြော်ရုံဖြင့် အားရတင်းတိမ်ခြင်းမရှိဘဲ အခြားမြို့ ၊ ရွာ၊ နိုင်ငံတို့ရှိ ဘုရားပုထိုးများကိုလည်း သွားရောက်ဖူးမြော်ကြသည့် အစဉ်အလာရှိခဲ့ပါသည်။ ရှေးမြန်မာဘုရင်များ လက်ထက်ကပင် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသနှင့် သီရိလင်္ကာနိုင်ငံတို့သို့ ရေကြောင်း၊ ကုန်းကြောင်းခရီးတို့ဖြင့် သွားရောက်ခဲ့ကြကြောင်း ရှေးဟောင်းမှတ်တမ်းများအရ သိရှိရပါသည်။

ယခုအခါတွင် မဇ္ဈိမဒေသ သံဝေဇနိယလေးဌာန ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက စီစဉ်၍ စေလွှတ်လျက်ရှိပါသည်။

## မြတ်စွာဘုရား ဖြစ်တော်စဉ် ဌာနများ

## သံဝေဇနိယလေးဌာန

မြတ်စွာဘုရားပရိနိဗ္ဗာန်စံခါနီးတွင် အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား လျှောက်ကြားခဲ့၏။

''မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကမူ ဝါကျွတ်သောအခါ ဘုရားဖူးရောက်လာ ကြကုန်သော ရဟန်းကောင်း ရဟန်းမြတ်တို့ကို ဆည်းကပ်ဖူးမြော်ခွင့်ရခဲ့ပါ၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောအခါ ဘုရားဖူးရဟန်းတော်များ လာရောက်ကြတော့မည်မဟုတ်သဖြင့် အဘယ်နေရာအဘယ်ဌာန၌ ရဟန်းကောင်း၊ ရဟန်းမြတ်တို့ကို ဖူးမြော်ခွင့်ရနိုင်ပါမည်နည်း ဖူးမြော်ခွင့်ရနိုင်တော့မည်မဟုတ်ပါဘုရား'' ဟု လျှောက်ထား၏။

မြတ်စွာဘုရားက ''ချစ်သား အာနန္ဒာ ရတနာသုံးပါး၌ ကြည်ညိုသော သဒ္ဓါတရားရှိသော အမျိုးကောင်း သားတို့အတွက် သွားရောက် ဖူးမြော်သံဝေဂယူသင့်သော ဌာနလေးဌာနရှိကုန်၏။ နောင်အခါ၌ သဒ္ဓါတရား ရှိသော ရဟန်းယောကျ်ားများ၊ ရဟန်းမိန်းမများ၊ ဥပါသကာ ဒါယကာများ၊ ဥပါသိကာ ဒါယိကာမများသည် ဤလေးဌာနသို့ လာကြကုန်လတ္တံ့'' ဟု မိန့်ကြားတော်မူခဲ့၏။

(၁) မြတ်စွာဘုရားဖွားတော်မူရာ **လုမ္ဗိနီ ဥယျာဉ်တော်၊**

(၂) သဗ္ဗညုတ ရွှေညာဏ်တော်ကိုရတော်မူ၍ ဘုရားအဖြစ်သို့ရောက်တော်မူရာ **မဟာဗောဓိမဏ္ဍိုင်၊**

(၃) ပဥ္စဝဂ္ဂီ ငါးဦးတို့အား တရားဦးဓမ္မစက် ဟောမြွက်ရာ **မိဂဒါဝုန်၊**

(၄) မြတ်စွာဘုရားပရိနိဗ္ဗာန်စံရာ မလ္လမင်းတို့၏ **ကုသိနာရုံ** အင်ကြင်းရဂုံ၊

''ချစ်သား အာနန္ဒာ အကြင်လူတို့သည် ဘုရားဖူးခရီး လှည့်လည်မှုကိုပြု၍ ကြည်ညို စိတ်ဖြင့် သေလွန်ကုန်၏။ ထိုလူအားလုံးတို့သည် ဤခန္ဓာကိုယ်ပျက်စီးသေလွန်ပြီးနောက်၌ နတ်ရွာသုဂတိသို့ ရောက်ကြကုန်လတ္တံ့။''

ဟု ဟောတော်မူ၏ ။

(မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်)

# အဝိဇဟိတလေးဌာန

ဘုရားဖူးသွားရောက်ရန် သံဝေဇနိယလေးဌာနအပြင်၊ မြတ်စွာဘုရားရှင်တို့ မစွန့်ပယ်အပ်သော အရပ် အဝိဇဟိတလေးဌာနကိုလည်း၊ ပါဠိတော်များတွင် တွေ့ရှိရရာ ယင်းလေးဌာနမှာ–

(၁) သဗ္ဗညုတရွှေညာဏ်တော်မြတ်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ရောက် တော်မူရာ ဗောဓိပင်နှင့် ရွှေပလ္လင်ဌာန၊

(၂) ပဥ္စဝဂ္ဂီငါးဦးတို့အား တရားဦးဓမ္မစက်ဟောမြွက်တော်မူရာ မိဂဒါဝုန်ဌာန၊

(၃) သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရှိ ဂန္ဓကုဋိဌာန၊

(၄) တာဝတိံသာမှ လူ့ပြည်သို့ ဆင်းသက်ရာတွင် စောင်းတန်းဦးဆိုက်ရာ သင်္ကဿနဂိုရ်ဌာန၊

တို့ဖြစ်ပါသည်၊ ဗုဒ္ဓဂယာနှင့် မိဂဒါဝုန်တို့မှာ သံဝေဇနိယလေးဌာနနှင့် အဝိဇဟိတ လေးဌာန နှစ်မျိုးလုံးတွင် အကျုံးဝင်ပါသည်။

# သံဝေဇနိယလေးဌာနဘုရားဖူးခရီးစဉ်

ခရီးစဉ်လမ်းကြောင်းမှာ စက်ဝိုင်းပုံသဏ္ဌာန်ရှိပြီး၊ ဗုဒ္ဓဂယာမှ မိဂဒါဝုန်၊ သာဝတ္ထိ၊ လုမ္ဗိနီ၊ ကုသိနာရုံ၊ ပတ္တနားနှင့် ရာဇဂြိုဟ် အစီအစဉ်အတိုင်း သွားရောက်မည်ဖြစ်ပါသည်။ သက်သာနကိုရ်ပါ သွားရောက်လိုပါက စက်ဝိုင်းခရီးစဉ်မှ ဖဲ့ထွက်ပြီး၊ နောက်ထပ်အချိန်သုံးရက် ခန့်ယူ၍ သွားရောက်နိုင်ပါသည်။ ယခုလမ်းညွှန် စာစောင်တွင် ရန်ကုန်မှ ကိုးလ်ကတ္တားသို့ လေယာဉ်၊ ကိုးလ်ကတ္တားမှ ဗုဒ္ဓဂယာသို့ မော်တော်ယာဉ်၊ ဗုဒ္ဓဂယာမှ မဇ္ဈိမစက်ဝန်း ရာဇဂြိုဟ်အထိ မော်တော်ယာဉ်၊ ရာဇဂြိုဟ်မှ ကိုးလ်ကတ္တား မော်တော်ယာဉ်နှင့် ကိုးလ်ကတ္တားမှ ရန်ကုန်သို့ လေယာဉ်ဖြင့် သွားရောက်မည့် ခရီးစဉ်များကို ရှင်းလင်းဖော်ပြသွားမည်ဖြစ်ပါသည်။

သာမန်အားဖြင့် ခရီးစဉ်ကို ၁၅–ရက် သတ်မှတ်ထားပြီး၊ အောက်ပါအစီအစဉ်အတိုင်း သွားရောက်၍ ဖော်ပြပါနေရာများတွင် ညအိပ်ရပ်နားမည်ဖြစ်ပါသည်။

| ရက် | မှ | သို့ | ညအိပ်ရပ်နားမည့်နေရာ |
|---|---|---|---|
| (၁) | ရန်ကုန် | ကိုးလ်ကတ္တား | ကိုးလ်ကတ္တား |
| (၂) | ကိုးလ်ကတ္တား | ဗုဒ္ဓဂယာ | လမ်းခရီး |
| (၃) | ဗုဒ္ဓဂယာ | – | ဗုဒ္ဓဂယာ |
| (၄) | ဗုဒ္ဓဂယာ | – | ဗုဒ္ဓဂယာ |
| (၅) | ဗုဒ္ဓဂယာ | – | ဗုဒ္ဓဂယာ |
| (၆) | ဗုဒ္ဓဂယာ | မိဂဒါဝုန် | မိဂဒါဝုန် |
| (၇) | မိဂဒါဝုန် | – | မိဂဒါဝုန် |
| (၈) | မိဂဒါဝုန် | သာဝတ္ထိ | သာဝတ္ထိ |
| (၉) | သာဝတ္ထိ | လုမ္ဗိနီ | လုမ္ဗိနီ |
| (၁၀) | လုမ္ဗိနီ | ကုသိနာရုံ | ကုသိနာရုံ |
| (၁၁) | ကုသိနာရုံ | – | ကုသိနာရုံ |
| (၁၂) | ကုသိနာရုံ | ပတ္တနား | ပတ္တနား |
| (၁၃) | ပတ္တနား | ရာဇဂြိုဟ် | ရာဇဂြိုဟ် |
| (၁၄) | ရာဇဂြိုဟ် | ကိုးလ်ကတ္တား | ကိုးလ်ကတ္တား |
| (၁၅) | ကိုးလ်ကတ္တား | ရန်ကုန် | – |

# ဗုဒ္ဓဂယာတွင် ဖူးမြော်မည့်နေရာတော်များ၌ ရွတ်ဖတ်ပူဇော်ရန် ဂါထာနှင့် ပါဠိတော်များ

## မဟာဗောဓိညောင်ပင်

၁။ မြတ်စွာဘုရားအလောင်းတော်သည် သုဇာတာလှူဒါန်းသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော် မူပြီးနောက်၊ ညနေဆည်းဆာအချိန်တွင် မဟာဗောဓိပင်သို့ ကြွတော်မူသည်၊ သုဒ္ဓိယလှူဒါန်းသော မြက်ရှစ်ဆုပ်ကို အလှူခံလျက် ဗောဓိပင်၏ အရှေ့ဘက်တွင် ကြဲဖြန့်တော်မူရာ အပရာဇိတ ပလ္လင်တော်ကြီးပေါ်ပေါက်ခဲ့ပါသည်၊ ပလ္လင်တော်ထက်တွင် တင်ပျင်ခွေလျက် ''ဘုရားမဖြစ်သမျှ တင်ပျဉ်ကို မဖျက်'' ဟု ဓိဋ္ဌာန်တော်မူသည်။

မာရ်နတ်သားသည် အလောင်းတော်မြတ်အား ဘုရားမဖြစ်စေရန် တိုက်ခိုက်ဖျက်စီးသော်လည်း အလောင်းတော်သည် နေမဝင်မီအချိန်တွင် မာရ်နတ်ကို အောင်မြင်တော်မူသည်။ ဘုရားအလောင်းတော်က မာရ်နတ်အား အောင်မြင်တော် မူသည်ကို တွေ့မြင်သဖြင့် နတ်နဂါး၊ ဂဠုန်မင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့သည် ''ဇယောဟိ ဗုဒ္ဓဿသိရီမာတောအယံ'' စသည့်ဂါထာတော်များဖြင့် ထောမနာဟစ်ကြွေးကာ ပန်းနံ့သာ တို့ဖြင့် ပူဇော်ကြသည်။

### ဘုရားအလောင်းတော်အား နတ်နဂါးတို့ ရှိခိုးပူဇော်သည့်ဂါထာ

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ နာဂဂဏာ မဟေသိနော။

### ဘုရားအလောင်းတော်အား ဂဠုန်မင်းတို့ ရှိခိုးပူဇော်သည့်ဂါထာ

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ သုပဏ္ဏသံဃာပိ မဟေသိနော။

## ဘုရားအလောင်းတော်အား နတ်မင်းတို့ ရှိခိုးပူဇော်သည့်ဂါထာ

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဒေဝဂဏာ မဟေသိနော။

## ဘုရားအလောင်းတော်အား ဗြဟ္မာမင်းတို့ ရှိခိုးပူဇော်သည့်ဂါထာ

ဇယော ဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿ စ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံတဒါ ဗြဟ္မဂဏာပိ မဟေသိနော။

## အပရာဇိတ ပလ္လင်

၂။ မြတ်စွာဘုရားအလောင်းတော်သည် ကဆုန်လပြည့်နေ့ ညဦးယံအချိန်တွင် ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံတွင် ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံတွင် အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာဉာဏ် သုံးပါးကိုရတော်မူ၍ သက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့ မိုးသောက်ယံတွင် အပရာဇိတ ပလ္လင်တော်ထက်၌ သဗ္ဗညုတရွှေဉာဏ်တော်ကိုရရှိကာ ဘုရားဖြစ်တော်မူသည်။ ထို့နောက်မြတ်စွာ ဘုရားရှင်တို့ ဘုရားဖြစ်ပြီးလျှင် ကျူးရင့်တော်မူမြဲ ဓမ္မတာအတိုင်း ''အနေကဇာတိသံသာရံ'' အစရှိသော ဥဒါန်းဂါထာကို စိတ်တော်ဖြင့် ကျူးရင့်တော်မူသည်။ ယင်းနောက်မြတ်စွာဘုရားသည် အပရာဇိတ ပလ္လင်တော်၌ ပလ္လက်သတ္တာဟစံတော်မူစဉ် အဝိဇ္ဇာပစ္စယာ သင်္ခါရစသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အနုလုံ ပဋိလုံ နှလုံးသွင်း ဆင်ခြင် တော်မူသည်။ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အနုလုံပဋိလုံ နှလုံးသွင်း ဆင်ခြင်တော်မူပြီးနောက် ''ယဒါဟဝေ ပါတု ဘဝန္တိ ဓမ္မာ'' အစရှိသော ဥဒါန်းဂါထာတော်ကို နှုတ်တော်မှ ထုတ်ဖော်ကျူးရင့် တော်မူသည်။

## ဗုဒ္ဓဘိသေကဘုရားအနေကဇာတင်ဂါထာပါဠိ

(၁) အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

(၂) ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

## ပဋိစ္စသမုပ္ပါဒ် အနုလောမ

- အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ။
- ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ။
- သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။
- ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ။
- ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ။
- ဇာတိပစ္စယာ ဇရာ – မရဏ – သောက – ပရိဒေဝ –
ဒုက္ခ – ဒေါမနဿုပါယာသာ သမ္ဘဝန္တိ ၊ ဝေမေတဿ
ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## ပဋိစ္စသမုပ္ပါဒ် ပဋိလောမ

- အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊
- သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊
- ဝိညာဏနိရောဓာ နာမရူပနိရောဓော၊
- နာမရူပနိရောဓာ သဠာယတနနိရောဓော၊
- သဠာယတတနိရောဓာ ဖဿနိရောဓော၊
- ဖဿနိရောဓာ ဝေဒနာနိရောဓော၊
- ဝေဒနာနိရောဓာ တဏှာနိရောဓော၊

တဏှာနိရောဓာ ဥပါဒါနနိရောဓော၊
ဥပါဒါနနိရောဓာ ဘဝနိရောဓော၊
ဘဝနိရောဓာ ဇာတိနိရောဓော၊
ဇာတိနိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ
ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ
ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

## ဥဒါန်း ဂါထာတော်

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။
ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။
ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယမန္တလိက္ခံ။

## သဗ္ဗဇယန္တိ အောင်ခြင်းဂါထာ

ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။
အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထု ဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။

# သတ္တဌာန

ဘုရားဖြစ်တော်မူပြီးနောက် မြတ်စွာဘုရားသည် ကဆုန်လပြည့်ကျော် ၁-ရက် နေ့မှ အစပြု၍ သတ္တဌာနတစ်နေရာတွင် ခုနစ်ရက်စီ ခုနစ်နေရာ စံမြန်းတော်မူပါသည်။

## ၁။ ပလ္လင်္ကသတ္တာဟ ( ပထမသတ္တာဟ )

မဟာဗောဓိစေတီတော်ကြီး၏ အနောက်မျက်နှာတွင်ရှိ၍ မဟာဗောဓိပင်ရင်း အပရာဇိတပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေလျက် ခုနစ်ရက်ပတ်လုံး ဖလသမာပတ် ချမ်းသာကို ခံစားတော်မူသည်။

## ၂။ အနိမိသ သတ္တာဟ (ဒုတိယသတ္တာဟ)

မဟာဗောဓိစေတီတော်ကြီး၏ အရှေ့မြောက် ၁၄-လံအကွာတွင် ဗောဓိပင်နှင့် ပလ္လင်တော်ကို မမှိတ်သောမျက်စိဖြင့် ကြည့်ပြီး ခုနစ်ရက်နေတော်မူသည်။

## ၃။ စင်္ကမသတ္တာဟ (တတိယသတ္တာဟ)

ပလ္လင်ဖတော်နှင့်အနိမိသအကြား အရှေ့အနောက် ရတနာစင်္ကြံတော်ဖန်ဆင်း၍ ခုနစ်ရက်တိုင်တိုင် စင်္ကြံကြွတော်မူသည်။

## ၄။ ရတနာဃရသတ္တာဟ (စတုတ္ထသတ္တာဟ)

မဟာဗောဓိပင်၏ အနောက်မြောက်အရပ် နတ်တို့ဖန်ဆင်းအပ်သော ရတနာဃရ (ရွှေအိမ်)တွင် ခုနစ်ရက်တိုင်တိုင် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူ၍ အဘိဓမ္မာ ခုနစ်ကျမ်းကို ရွှေဉာဏ်တော်ဖြင့် ဆင်ခြင်သုံးသပ်တော်မူ၏။ ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်သုံးသပ်တော်မူသည့်အခါ ၊ မြတ်စွာဘုရားသခင် ကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်ပေါ်ထွက် ကွန့်မြူးခဲ့ပါသည်။

# ရတနာဃရသတ္တာဟတွင် ရွတ်ဆိုရန်။
## ပဋ္ဌာန်းတရားတော်
## ပစ္စယုဒ္ဒေသ

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ။

## ၅။ အဇပါလသတ္တာဟ(ပဥ္စမသတ္တာဟ)

မဟာဗောဓိပင်၏ အရှေ့တည့်တည့်၊ အနိမိသဌာန၏ တောင်ဘက်တွင်ရှိသော ဆိတ်ကျောင်း ညောင်ပင်ရင်း၌ ခုနစ်ရက်တိုင်တိုင် တရားတော်ကို ဆင်ခြင်သုံးသပ်လျက် အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူသည်။

## ၆။ မုစလိန္ဒသတ္တာဟ(ဆဋ္ဌမသတ္တာဟ)

မဟာဗောဓိပင်၏ အရှေ့တောင်ဘက် မုစလိန္ဒအိုင်အနီးရှိ ကျည်းပင်ပေါက်ရာ အရပ်၌ ခုနစ်ရက်တိုင်တိုင် ဖလသမာပတ်ဝင်စားတော်မူ၏။ ထိုအချိန်တွင် ခုနစ်ရက် တိုင်တိုင်မိုးစွေ၍ လေအေးများ တိုက်ခတ်သဖြင့် မုစလိန္ဒနဂါးမင်းသည် မြတ်စွာဘုရားရှင်ကို ခုနစ်ပတ်ရစ်ခွေ၍ အပေါ်မှပါးပျဉ်းအုပ်မိုး လျက် ပူဇော်သည်။

## ၇။ ရာဇာယတနသတ္တာဟ(သတ္တမသတ္တာဟ)

မဟာဗောဓိပင်၏ တောင်ဘက်ရှိ လင်းလွန်းပင်ရင်း၌ ခုနစ်ရက်တိုင်တိုင် ဖလသမာပတ် ဝင်စားတော်မူ၏ ၄၉-ရက်ပြည့်မြောက်သည့်နေ့၌ တပုဿနှင့် ဘလ္လိက ညီနောင်တို့ ဆက်ကပ်သော ပျားမုန့်ဆုပ်ဆွမ်းဦးကို အလှူခံတော်မူသည်။ ညီနောင်တို့အား မြတ်စွာဘုရားက ဆံတော်မြတ်ရှစ်ဆူကို ချီးမြှင့်တော်မူလိုက်သည်။

## ပထမနေ့ မဟာဗောဓိစေတီတော် ပရဝုဏ်အတွင်း ပူးမြော်ပူဇော်ခြင်း။

- ရွှေကြာသက်န်းကြီးကို ဘုရားဖူးများအစုံအညီကိုင်ဆောင်၍ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ခြင်း၊ ဘုရားဂုဏ်တော်၊တရားဂုဏ်တော်၊ သံဃာဂုဏ်တော်၊ သရဏဂုံသုံးပါးနှင့် ပဋ္ဌာန်း ပါဠိတော်များ ရွတ်ဆိုခြင်း။
- မဟာဗောဓိပင်အား ရွှေကြာသက်န်းဆက်ကပ်ခြင်း။


- စေတီတော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ရွှေကြာသက်န်း ဆက်ကပ်ခြင်း၊
- အနေကဇာတင် ဂါထာတော်များ ရွတ်ဆိုခြင်း၊
- သတ္တသတ္တာဟ နေရာတော်များအား ဖူးမြော်ခြင်း၊
- ရတနာဃရသတ္တာဟတွင် ပဋ္ဌာန်းဒေသနာတော်ရွတ်ဆိုခြင်း၊

## ဒုတိယနေ့ အပြည်ပြည်ဆိုင်ရာ သာသနိကအဆောက်အဦများအား လိုက်လံပြသခြင်း။

- မဟာဗောဓိအသင်းတိုက် ၊
- မင်းတုန်းမင်းကြီးဇရပ်၊ ကျောက်စာ၊
- မဟန္တနန်းတော်၊
- ထိုင်းရွှေဘုရားကျောင်း၊
- ဒိုင်ဂျိုကို ဂျပန်ဘုရားကျောင်း၊
- ဂျပန်ဘုန်းတော်ကြီးကျောင်း၊
- ကမာကူရာ ဂျပန်ဘုရားကြီး၊
- တိဘက်ကျောင်း၊
- ဘူတန်ကျောင်း၊
- နီပေါကျောင်း၊

## တတိယနေ့ ဒုက္ကရစရိယတောင် နှင့် သုဇာတာရွာ ( သေနနိဂုံး ) အားလေ့လာခြင်း၊

- ဒုက္ကရစရိယကျင့်ရာ လှိုဏ်ဂူ၊
- ဥရုဝေလတောအုပ်၊
- သုဇာတာအိမ်နေရာ၊
- ဃနာနို့ဆွမ်းကပ်ရာနေရာ၊
- ရွှေခွက်မျှောရာနေရာ၊
- နေရဉ္ဇရာမြစ်၊
- သုဒ္ဓိယ မြက်ရှစ်ဆုပ်လှူသည့်နေရာ၊





| | | | |
|---|---|---|---|
| ၁ | ကမာကူရာဘုရားကြီး | ၉ | မဟာဗောဓိစေတီတော် |
| ၂ | ဒိုင်ဂျိုကျိုဂျပန်ဘုရားကျောင်း | ၁၀ | ဗုဒ္ဓဂယာစာတိုက် |
| ၃ | တိဘက်ကျောင်း | ၁၁ | မင်းတုန်းမင်းကျောက်စာ |
| ၄ | ဂျပန်ဘုန်းတော်ကြီးကျောင်း | ၁၂ | မဟန့်နန်းတော် |
| ၅ | ဘူတန်ကျောင်း | ၁၃ | မြန်မာကျောင်း |
| ၆ | ထိုင်းရွှေဘုရားကျောင်း | ၁၄ | ဒုက္ခရစရိယတောင် |
| ၇ | နီပေါကျောင်း | ၁၅ | သုဇာတာရွာ၊ သေနနိဂုံး |
| ၈ | မဟာဗောဓိအသင်းတိုက် | | |



မဟာဗောဓိစေတီတော်၊ ဗုဒ္ဓဂယာ



ဒုက္ကရစရိယာကျင့်တော်မူပုံ
ဥရုဝေလတော



ဗောဓိပင်နှင့်ရွှေပလ္လင်ဌာန ၊ ဗုဒ္ဓဂယာ



အနိမိသဌာန ၊ ဗုဒ္ဓဂယာ



ရတနာစင်္ကြံဌာန
(ဗုဒ္ဓဂယာ)



ရတနာဃရဌာန
(ဗုဒ္ဓဂယာ)




အဇပါလနိဂြောဓဌာန (ဗုဒ္ဓဂယာ)



မုစလိန္ဒဌာန ။ (ဗုဒ္ဓဂယာ)

# သတ္တဋ္ဌာန ခုနစ်နေရာ




၁ ပလ္လင်္ကသတ္တာဟ

၂ အနိမိသသတ္တာဟ

၃ စင်္ကမသတ္တာဟ

၄ ရတနာဃရသတ္တာဟ

၅ အဇပါလသတ္တာဟ

၆ မုစလိန္ဒသတ္တာဟ

၇ ရာဇာယတနသတ္တာဟ

# မိဂဒါဝုန်

ဗုဒ္ဓဂယာမှ ၁၅၇ မိုင်ကွာဝေး၍ လမ်းခရီးတွင် ဗာရာဏသီမြို့ရှိသည်၊ ဗာရာဏသီမြို့သည် မိဂဒါဝုန်မှ ၆ မိုင်ကွာဝေးသည့် ဂင်္ဂါမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိပြီး၊ ဂင်္ဂါမြစ်ကို ရှိခိုးကြ၊ ရေချိုးကြသော ဟိန္ဒူတို့၏ မြို့တော်ဖြစ်သည်။ မိဂဒါဝုန်ကိုဒေသခံတို့က (ဆာရာနာတ်) Sarnath ဟုခေါ်ကြသည်။

မိဂဒါဝုန်သို့ အဝင်လမ်းခရီးတွင် ချောက်ခဏ္ဍီစေတီကို ဖူးတွေ့ရပါမည်။ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောရန် ဗုဒ္ဓဂယာမှ ကြွလာရာတွင် ပဉ္စဝဂ္ဂီတို့က ဂုဏ်ခံမာန်တင်း၍ ခရီးဦး မကြို စကားမဆိုစတမ်း ကတိထားခဲ့ကြသော်လည်း၊ မြတ်စွာဘုရားကြွလာသည်ကို မြင်သောအခါ မနေနိုင်သဖြင့် ဤနေရာမှ လာရောက်ကာ သူ့ထက်ငါခရီးဦးကြိုရာ နေရာဖြစ်သည်။ ဗုဒ္ဓ၏သြဒိဿ အနန္တ မေတ္တာတော်သည် ပဉ္စဝဂ္ဂီတို့၏ အန်တုခါတ်ကို အရည်ပျော်စေသည့် အနန္တ မေတ္တာဂုဏ် ပြရာနေရာပင် ဖြစ်ပါသည်။

ဘုရားဖူးများသည် မိဂဒါဝုန် မြန်မာကျောင်းတွင် တည်းခိုကြပြီး၊ ဘုန်းတော်ကြီး ကျောင်းနှင့် ကပ်လျက်ရှိသော ဓမ္မရာဇိက ပရဝုဏ်အတွင်းသို့ ဖူးမြော်ပူဇော်လေ့လာကြရပါမည်။

## မိဂဒါဝုန်တွင် ဖူးမြော်မည့်နေရာတော်များနှင့် ရွတ်ဖတ်ပူဇော်ရန် သုတ္တန်ပါဠိတော်များ

### ဓမ္မရာဇိကစေတီတော်

စက်ဝိုင်းပုံစေတီငုတ် အုတ်ခုံတစ်ခုဖြစ်ပါသည်။ မူလက အရှေ့ဘက်ရှိ ဓမ္မေခစေတီတော်ထက် ညာဏ်တော် ပိုမြင့်မည်ဟု ခန့်မှန်းကြပါသည်။ စက်ဝိုင်းပုံအလယ် တွင် ဓမ္မရာဇိတ အထိမ်းအမှတ် တိုင်ငယ်လေးတစ်ခု စိုက်ထားပါသည်။

ဤနေရာ၌ မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃–ခုနှစ် ၊ ဝါဆိုလပြည့် ၊ နေအဝင် လအထွက် ညချမ်းအချိန်တွင် ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဓမ္မစကြာသုတ် တော်ကို ဟောကြားတော်မူပါသည်။ ဝါဆိုလပြည့်နေ့မှစ၍ မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီ

ငါးဦးတို့အား တရားပြပေးရာ၊ ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိစသော ပဉ္စဝဂ္ဂီငါးဦးတို့ အစဉ်အတိုင်း သောတာပန်ဖြစ်ကြပါသည်။

## ဗာရာဏသီပြည် မိဂဒါဝုန်တော တရားဦး ဟောရာနေရာ ဓမ္မရာဇိကစေတီတော်တွင် ရွတ်ဖတ်ပူဇော်ရန် ဓမ္မစက္က ပဝတ္တနသုတ် ပါဠိတော်အမွှန်း

(၁) ဘိက္ခူနံ ပဉ္စဝဂ္ဂီနံ၊
ဣသိပတန နာမကေ။
မိဂဒါယေ ဓမ္မဝရံ၊
ယံ တံ နိဗ္ဗာန ပါပကံ။

(၂) သဟမ္ပတိ နာမကေန၊
မဟာဗြဟ္မေန ယာစိတော။
စတုသစ္စံ ပကာသေန္တော ၊
လောကနာထော အဒေသယိ ။

(၃) နန္ဒိတံ သဗ္ဗဒေဝေဟိ၊
သဗ္ဗသမ္ပတ္တိ သာဓကံ။
သဗ္ဗလောက ဟိတတ္ထာယ၊
ဓမ္မစက္ကံ ဘဏာမ ဟေ။

(၁–၂) စတုသစ္စံ–သစ္စာလေးပါးကို၊ပကာသေန္တော– ပြတော်မူသော၊ လောကနာထော–လူတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ သဟမ္ပတိနာမကေန – သဟမ္ပတိအမည် ရှိသော၊ မဟာဗြဟ္မေန – မြတ်သော ဗြဟ္မာမင်းသည်၊ ယာစိတော– တရားဟောဆစိမ့်သောငှာ တောင်းပန် အပ်သည်ဖြစ်၍၊ ဣသိပတနနာမကေ – ဘုရားပစ္စေကဗုဒ္ဓါ အရိယာတို့၏ ကောင်းကင်မှ သက်ရာကောင်းကင်သို့ တက်ရာဖြစ်၍ ဣသိပတန အမည်ရှိသော၊ မိဂဒါယေ – သားတို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌၊ ပဉ္စဝဂ္ဂီနံ – ငါးယောက် အစုရှိခြင်းကြောင့် ပဉ္စဝဂ္ဂီအမည်ရှိကုန်သော၊ ဘိက္ခူနံ – ကောဏ္ဍည ဝပ္ပ ဘဒ္ဒိယ မဟာနာမ် အဿဇိ ရဟန်းတို့အား၊ နိဗ္ဗာနပါပကံ နိဗ္ဗာန်သို့ ရောက်စေတတ်သော၊ ဓမ္မဝရံ – မြတ်သောတရားဖြစ်သော ယံတံ ဓမ္မစက္ကံ – အကြင်ဓမ္မစကြာ ဒေသနာကို၊ အဒေသယိ – ဟောတော်မူပြီ။

(၃)သဗ္ဗဒေဝေဟိ – ခပ်သိမ်းကုန်သော သမ္မုတိနတ်, ဥပပတ္တိနတ်, ဝိသုဒ္ဓိနတ်တို့သည်၊

ဝါ ခပ်သိမ်းကုန်သော နတ်ဗြဟ္မာတို့သည်၊ နန္ဒိတံ – နှစ်သက်အပ်ကုန်သော၊ သဗ္ဗသမ္ပတ္တိ သာဓကံ– ခပ်သိမ်းသော လောကီ၊ လောကုတ္တရာ ပွဲပြွန် သံသရာ စည်းစိမ်ကို ပြီးစေတတ်သော၊ တံဓမ္မစက္ကံ – ထိုဓမ္မစကြာ ဒေသနာတော်ကို၊ သဗ္ဗလောကဟိတတ္ထာယ – ခပ်သိမ်းသော လောက၏ အစီးအပွား အကျိုးငှာ၊ ဟေ – အို အရှင်သူတော်ကောင်းတို့ ၊ မယံ–ငါတို့သည်၊ ဘဏာမ – ရွတ်ကြကုန်အံ့။

## ဓမ္မစက္ကပ္ပဝတ္တနသုတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ဘိက္ခူနံ ပဉ္စဝဂ္ဂီနံ ၊ ဣသိပတနနာမကေ ၊
မိဂဒါယေ ဓမ္မဝရံ ၊ ယံ တံ နိဗ္ဗာနပါပကံ ။

၂။ သဟမ္ပတိနာမကေန ၊ မဟာဗြဟ္မုနာ ယာစိတော၊
စတုသစ္စံ ပကာသေန္တော ၊ လောကနာထော အဒေသယိ။

၃။ နန္ဒိတံ သဗ္ဗဒေဝေဟိ၊ သဗ္ဗသမ္ပတ္တိသာဓကံ ၊
သဗ္ဗလောကဟိတတ္ထာယ ၊ ဓမ္မစက္ကံ ဘဏာမ ဟေ ။

၄။ ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ
ဣသိပတနေ မိဂဒါယေ ၊ တတြ ခေါ ဘဂဝါ
ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ –

၅။ ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။
ကတမေ ဒွေ –

ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံ ဟိတော၊

ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံ ဟိတော၊

ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၆။ ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏ ကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ ။

၇။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ

ဇာတိပိ ဒုက္ခာ ဇရာပိ ဒုက္ခာ ဗျာဓိပိ ဒုက္ခော မရဏမ္ပိ ဒုက္ခံ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

၈။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂသဟဂတာ တတြတတြာ ဘိနန္ဒိနီ။

သေယျထိဒံ –

ကာမတဏှာ , ဘဝတဏှာ , ဝိဘဝတဏှာ။

၉။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော ။

၁၀။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ။ သေယျထိဒံ သမ္မာဒိဋ္ဌိ ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

၁၁။ “ဣဒံ ဒုက္ခံ အရိယသစ္စ” န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ ၊ အာလောကော ဥဒပါဒိ။

၁၂။ “တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ” န္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ ၊ ပညာ ဥဒပါဒိ ၊ ဝိဇ္ဇာ ဥဒပါဒိ ၊ အာလောကော ဥဒပါဒိ။

၁၃။ “တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ” န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ ၊ ဝိဇ္ဇာ ဥဒပါဒိ ၊ အလောကောဥဒပါဒိ။

၁၄။ “ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ” န္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၅။ " တံ ခေါ် ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ " န္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၆။ " တံ ခေါ် ပနိဒံ ဒုက္ခ သမုဒယံ အရိယသစ္စံ ပဟီန " န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၇။ "ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၈။ တံ ခေါ် ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၉။ "တံ ခေါ် ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၂၀။ "ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ" န္တိမေဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၂၁။ "တံ ခေါ် ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယသစ္စံ ဘာဝေတဗ္ဗ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၂၂။ "တံ ခေါ် ပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတ" န္တိမေ ဘိက္ခဝေပုဗ္ဗေ အနနုဿုတေသု ဓမ္မေသုစက္ခုံ ဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၂၃။ ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ န သုဝိသုဒ္ဓံ အဟောသိ

နေဝ တာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေသမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယသဒေဝမနုဿာယ "အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ" တိ ပစ္စညာသိံ။

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန 
ကမ္ဘာအေး၊ ရန်ကုန်။

၂၄။ ယတော စ ခေါ မေ ဘိက္ခဝေ ဣမေသု စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ

အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ "အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ" တိ ပစ္စညာသိံ။

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ "အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ" တိ။

ဣဒမဝေါစ ဘဂဝါ။

အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

၂၅။ ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ" န္တိ။

၂၆။ ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိ ဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ " န္တိ။

၂၇။ ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ၊ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" န္တိ။

၂၈။ စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ သဒ္ဒမနုဿာ ဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေနဝါ ဗြာဟ္မဏေနဝါ ဒေဝေနဝါ မာရေနဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" န္တိ။

တာဝတိံသာနံ ဒေဝါနံ သဒ္ဒံ သုတွာ ယာမာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သာမဏေန ဝါ ဗြာဟ္မာဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" န္တိ။

ယာမာနံ ဒေဝါနံ သဒ္ဒံ သုတွာ တုသိတာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္က ပဝတ္တိတံ

အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" န္တိ။

တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတွာ နိမ္မာနရတီ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ" ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။

နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတွာ ပရနိမ္မိတဝသဝတ္တီဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ" ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ"န္တိ။

ပရနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတွာ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ" ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိ" န္တိ။

၂၉။ ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မ လောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ အယဉ္စ ဒသသဟဿီလောကဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။

အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရ ဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

၃၀။ အထ ခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ "အညာသိဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော" တိ။ ဣတိ ဟိဒံ အာယသ္မတော ကောဏ္ဍညဿ "အညာသိကောဏ္ဍညော" တွေဝ နာမံ အဟောသိ။

၃၁။ အထ ခေါ အာယသ္မာ အညာသိကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠှ ဓမ္မော တိဏ္ဏဝိစိ ကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ " လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ လဘေယျံ ဥပသမ္ပဒ" န္တိ။

"ဧဟိ ဘိက္ခူ" တိ ဘဂဝါ အဝေါစ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာတိ။ သာဝတဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

ဓမ္မစက္ကပ္ပဝတ္တနသုတ္တံ နိဋ္ဌိတံ။

# ဓမ္မစေတီ

မြတ်စွာဘုရားသည် လပြည့်ကျော် ၅-ရက်နေ့တွင် ဓမ္မစေတီ‌တော်နေရာ၌ ပဉ္စဝဂ္ဂီ သောတပန်ရဟန်း ၅ိးဦးတို့အား အနတ္တလက္ခဏသုတ် တရားတော်ကို ဆက်လက်ဟောကြား တော်မူသည်။ ဝါဆိုလပြည့်ကျော် ၅ိးရက်နေ့တွင် ပဉ္စဝဂ္ဂီ၅ိးဦးတို့ ရဟန္တာအဖြစ်သို့ ရောက်တော်မူကြသည်။

## အနတ္တလက္ခဏသုတ် ဟောရာ ဓမ္မစေတီတော်၌ ရွတ်ဖတ်ပူဇော်ရန် အနတ္တလက္ခဏသုတ်ပါဠိတော်

### ပဏာမ

ယနတ္တယေန ယာယိသော၊
ယောဂက္ခယံ သယာယိယ၊
ယထာဂတေ သ ယာပေတိ၊
ဝန္ဒေ သမ္ပတ္တိလက္ခဏံ။

ယာယိသော - ယာဉ်မှူးဖြစ်တော်မူသော၊ သော - သောဘဂဝါ ဤမြတ်စွာဘုရားသည်၊ ယာနတ္တယေန-အနိစ္စ-ဒုက္ခ-အနတ္တ- ဟု ဆိုအပ်သော လက္ခဏာရေးသုံးပါး တည်းဟူသော ယာဉ်ဖြင့် ၊ ယောဂက္ခယံ - ယောဂလေးပါးတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်ရွှေပြည်သို့၊ သယာယိ ယ - ကိုယ်တော်ကြွသွားတော်မူပြီး၍ ၊ ယထာဂတေ - ကံအားလျော်စွာ ဖြစ်ကုန်သော၊ သတ္တေ-ဝေနေယျ သတ္တဝါတို့ကို၊ ယောဂက္ခယံ- ယောဂလေးပါးတို့၏၊ ကုန်ရာဖြစ်သော နိဗ္ဗာန်ရွှေပြည်သို့ ယာပေတိ ရောက်စေတော်မူ၏ ။ သမ္ပတ္တိလက္ခဏံ-ပြည့်စုံသော လက္ခဏာ တော်ကြီး၊ လက္ခဏာတော် ငယ်ရှိ တော်မူသော၊ တံ ဘဂဝန္တံ - ထိုမြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒေ-ဝန္ဒာမိ- ရှိခိုးပါ၏၊

## အနတ္တလက္ခဏသုတ်ပါဠိတော် အမွှန်း

(က) ဓမ္မစက္ကံ ပဝတ္တေတွာ၊
အာသဠှိယံ ဟိ ပုဏ္ဏမေ။
နဂရေ ဗာရာဏသိယံ၊
ဣသိပတနဝှယေ ဝနေ။

(ခ) ပါပေတွာ ဒိဖလံ နေသံ၊
အနုက္ကမေန ဒေသယိ။
ယံ တံ ပက္ခဿ ပဥ္စမျံ။
ဝိမုတ္တတ္ထံ ဘဏာမ ဟေ။

(က) ဗာရာဏသိယံ–ဗာရာဏသီအမည်ရှိသော၊ နာဂရေ – ပြည်၌ ၊ ဣသိပတနဝှယေ ၊ ပစ္စေက ဗုဒ္ဓါတို့၏ ကျရာဖြစ်၍ ဣသိပတန အမည်ရသော၊ ဝနေ – သားငှက်တို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌၊ အာသဠှိယံ–ဝါဆိုလ၌၊ ပုဏ္ဏမေ–လပြည့်နေ့၌၊ နေသံ– ထိုပဥ္စဝဂ္ဂီ ရဟန်းတို့အား၊ ဓမ္မစက္ကံ – ဓမ္မစကြာ ဒေသနာကို၊ ပဝတ္တေတွာ – ဟောတော်မူ၍
(ခ) အနုက္ကမေန – နေ့ရက်အစဉ် ထေရ်အစဉ်အားဖြင့် ၊ အာဒိဖလံ – သောတာပတ္တိဖိုလ်သို့ ပါပေတွာ – ရောက်စေတော်မူ၍၊ ပက္ခဿ – လကွယ်ပက္ခ ဝါဆိုလ၏၊ ပဥ္စမျံ ၊ ငါးရက်မြောက် သောနေ့၌၊ နေသံ – ထိုပဥ္စဝဂ္ဂီရဟန်းတို့၏ – ဝိမုတ္တတ္ထံ – အရဟတ္တဖိုလ်အကျိုးငှာ ယံအနတ္တလက္ခဏ သုတ္တံ – အကြင်အနတ္တလက္ခဏသုတ်ကို၊ အဒေသယိ – ဟောတော်မူပြီ၊ တံအနတ္တလက္ခဏ သုတ္တံ – ထိုအနတ္တ လက္ခဏသုတ်ကို၊ ဟေ – အို သူတော်ကောင်းတို့၊ မယံ – ငါတို့သည်၊ ဘဏာမ – ရွတ်ကြကုန်အံ့။

## အနတ္တလက္ခဏသုတ်

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ဓမ္မစက္ကံ ပဝတ္တေတွာ၊ အာသဠှိယံ ဟိ ပုဏ္ဏမေ။
နဂရေ ဗာရာဏသိယံ၊ ဣသိပတနဝှယေ ဝနေ။
၂။ ပါပေတွာ ဒိဖလံ နေသံ၊ အနုက္ကမေန ဒေသယိ။
ယံ တံ ပက္ခဿ ပဥ္စမျံ၊ ဝိမုတ္တတ္ထံ ဘဏာမ ဟေ။
၃။ ဧဝံ မေ သုတံ –
ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ။

တတြ ခေါ် ဘဂဝါ ပဥ္စ ဝဂ္ဂိယေ ဘိက္ခူအာမန္တေသိ ''ဘိက္ခဝေါ်'' တိ။ ''ဘဒန္တေ'' တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ တေဒဝေါစ။

၄။ ရူပံ ဘိက္ခဝေ အနတ္တာ

ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ။ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ရူပေ ''ဧဝံ မေ ရူပံ ဟောတု ၊ ဧဝံ မေ ရူပံ မာ အဟောသီ'' တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ရူပေ ဧဝံ မေ ရူပံ ဟောတု ၊ ဧဝံ မေ ရူပံ မာ အဟောသီ'' တိ။

၅။ ဝေဒနာ အနတ္တာ

ဝေဒနာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ ၊ နယိဒံ ဝေဒနာ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ဝေဒနာယ''ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ''တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ ဝေဒနာ အနတ္တာ၊ တသ္မာ ဝေဒနာ အာဗာဓာယ သံ ဝတ္တတိ၊ န စ လဗ္ဘတိ ဝေဒနာယ ''ဧဝံ မေ ဝေဒနာ ဟောတု၊ ဧဝံ မေ ဝေဒနာ မာ အဟောသီ'' တိ။

၆။ သညာ အနတ္တာ

သညာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ သညာ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ သညာယ ''ဧဝံ မေ သညာ ဟောတု၊ ဧဝံ မေ သညာ မာ အဟောသီ''တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ သညာ အနတ္တာ၊ တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ သညာယ ''ဧဝံ မေ သညာ ဟောတု။ ဧဝံ မေ သညာ မာ အဟောသီ''တိ။

၇။ သင်္ခါရာ အနတ္တာ

သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ၊ လဗ္ဘေထ စ သင်္ခါရေသု ''ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု'' န္တိ။

ယသ္မာ စ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ ၊ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ၊ န စ လဗ္ဘတိ သင်္ခါရေသု '' ဧဝံ မေ သင်္ခါရာ ဟောန္တု ။ ဧဝံ မေ သင်္ခါရာ မာ အဟေသု'' န္တိ ။

၈။ ဝိညာဏံ အနတ္တာ

ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ။ လဗ္ဘေထ စ ဝိညာဏေ '' ဧဝံ မေ ဝိညာဏံ ဟောတု ၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ'' တိ။

ယသ္မာ စခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ ၊ န စ လဗ္ဘတိ ဝိညာဏေ ''ဧဝံ မေ ဝိညာဏံ ဟောတု ၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ'' တိ ။

၉။ တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ ၊ ကလ္လံ နု တံ သမနုပဿိတုံ '' ဧတံ မမ၊ ဧသော ဟမသ္မိ ၊ ဧသော မေ အတ္တာ'' တိ။ နော ဟေတံ ဘန္တေ ။

ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ ။ ယံ ပနာနိစ္စံ ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိနာမဓမ္မံ ၊ ကလ္လံ နု တံ သမနုပဿိတုံ၊ ''ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ'' တိ။ နော ဟေတံ ဘန္တေ။

သညာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ ။ ယံ ပနာနိစ္စံ ၊ ဒုက္ခံ ဝါ ကံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ ။ ယံ ပနာနိစ္စံ ၊ ဒုက္ခံ ဝိပရိဏာမဓမ္မံ ၊ ကလ္လံ နု တံ သမနုပဿိတုံ '' ဧတံ မမ ၊ ဧသော ဟမသ္မိ ၊ ဧသော မေ အတ္တာ'' တိ။ နော ဟေတံ ဘန္တေ ။

သင်္ခါရာ နိစ္စာ ဝါ အနိစ္စာ ဝါတိ။ အနိစ္စာ ဘန္တေ ။ ယံ ပနာနိစ္စံ ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ '' ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ'' တိ ။ နော ဟေတံ ဘန္တေ။

ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ၊ ယံ ပနာနိစ္စံ ဒုက္ခံ ဝါတံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ၊ ယံ ပနာနိစ္စံ ဒုက္ခံဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ''ဧတံ မမ၊ ဧသောဟမသ္မိ ဧသော မေ အတ္တာ'' တိ။ နော ဟေတံ ဘန္တေ။

၁၀။ တသ္မာတိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာ

နာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ၊ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ၊ ယံဒူရေ သန္တိကေ ဝါ သဗ္ဗံ ရူပံ '' နေတံ မမ ၊ နေသောဟမသ္မိ ၊ န မေ သော အတ္တာ'' တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၁။ ယာ ကာစိ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါသုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ၊ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ ဝေဒနာ '' နေတံ မမ၊ နေသော ဟမသ္မိ ၊ န မေ သော အတ္တာ'' တိ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၂။ ယာ ကာစိ သညာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာဝါပဏီတာ ဝါ၊ ယာ ဒူရေ သန္တိကေ ဝါ ၊ သဗ္ဗာ သညာ '' နေတံ မမ၊ နေသော ဟမသ္မိ ၊ န မေ သော အတ္တာ'' တိ။ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၃။ ယေ ကေစိ သင်္ခါရာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာဝါ ပဏီတာ ဝါ၊ ယေ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗေ သခ်ရာ ''နေတံ မမ၊ နေသော ဟမသ္မိ ၊ န မေ သော အတ္တာ'' တိ။ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၄။ ယံ ကိဉ္စိ ဝိညာဏံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိက ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ၊ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ဝိညာဏံ '' နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ'' တိ။ ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

၁၅။ ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ '' ဝိမုတ္တ'' မိတိ ဉာဏံ ဟောတိ၊ ''ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာ'' တိ ပဇာနာတီတိ။

၁၆။ ဣဒမဝေါစ ဘဂဝါ ၊ အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ ။ ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ။

အနတ္တလက္ခဏသုတ္တံ နိဋ္ဌိတံ။

# မိဂဒါဝုန်တွင် ဖူးမြော်မည့်နေရာတော်များ

## ၁။ မိဂဒါဝုန် ပြတိုက်

## ၂။ နန္ဒိယ ကျောင်းတော်ရာ

ဓမ္မရာဇိကစေတီနေရာ၏ မြောက်ဘက်တွင်ရှိသည်။ ဤကျောင်းတော်ကို နန္ဒိယသူဌေး ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ နန္ဒိယသူဌေးမှာ မကွယ်လွန်မီကပင် နတ်ဘုံ၌ ဘုံဗိမာန်ပေါက်ခဲ့သူ ဖြစ်ကြောင်း မှတ်သားရပါသည်။ မြတ်စွာဘုရားသည် ဤနေရာတွင် ပထမ ဝါဆိုတော်မူခဲ့ပါသည်။ ကျောင်းတော်ရာအလယ်တွင် ပလ္လင်ကြီးတစ်ခုရှိပါသည်။ မိဂဒါဝုန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က နေ့စဉ်ဤပလ္လင်တော်ပေါ်၌နေ၍ တရားဟောကြားတော်မူခဲ့သည်။ မူလဂန္ဓကုဋိဟု ခေါ်ကြပါသည်။ ဤနေရာတွင် ယသသူဌေးသားနှင့် အပေါင်းပါတို့အား ရဟန္တာ ၅၅-ပါး ဖြစ်စေခဲ့ပါသည်။ ဝါကျွတ်သော် ရဟန္တာအပါး ၆၀ တို့အား သာသနာပြု စတင်စေလွှတ်ရာ နေရာဖြစ်ပါသည်။

## ၃။ အသောကကျောက်တိုင်

နန္ဒိယကျောင်းတော်ရာနှင့်ကပ်လျက် အနောက်ဘက်တွင် အမိုးအကာ အတွင်း ကျောက်တိုင် အကျိုးငါးခုရှိပါသည်။ ဗုဒ္ဓသာသနာတော်ကို ရန်သူများက မည်မျှပင် ဖျက်ဆီးချေမှုန်းကြသော်လည်း အမှန်တရားအဖြစ် အံတုနိုင်ကာပြန်လည် ပေါ်ထွန်း လာသော အသောကမင်းကြီး၏ ကမ္ဘာကျော်ကျောက်တိုင်ကြီးများ ဖြစ်ပါသည်။ ၁၂ - ရာစုနှစ် နောက်ပိုင်းတွင် ဘာသာခြား ရှင်ဘုရင်များအာဏာ ရလာသောအခါ ကျောင်းတော်ကြီးနှင့်တကွ ဤကျောက်တိုင်ကြီးလည်း ဖျက်ဆီးခြင်း ခံခဲ့ရပါသည်။


## ကုမာရဒေဝီကျောင်း

ဟိန္ဒူဘာသာဝင်ဘုရင်တစ်ပါး၏ မိဖုရား ဗုဒ္ဓဘာသာဝင် ကုမာရဒေဝီက ၁၂-ရာစု နှစ်ဦးပိုင်းတွင် ဆောက်လုပ်လှူဒါန်းသော ကျောင်းတော်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို ချီးမြှောက်သော ဘာသာခြား မင်းများလည်းရှိကြောင်း မှတ်သားရပါသည်။

## သားသမင်များအားဓမ္မပေးရာခြံ


ရှေးအခါက မိဂဒါဝုန်တောဖြစ်ကြောင်း အမှတ်သင်္ကေတ ပြုလုပ်ထားခြင်း ဖြစ်သည်။

# မိဂဒါဝုန်မြေပုံ







မူလဂန္ဓကုဋီဆင်းတုတော် ၊ မိဂဒါဝုန် ၊ ဗာရာဏသီ



ဓမေ္မခစေတီ ၊ မိဂဒါဝုန် ၊ ဗာရာဏသီ



မြန်မာနိုင်ငံမှလှူဒါန်းသော ဓမ္မစကြာဟောတော်မူဟန် ၊ မိဂဒါဝုန်



ချောက်ခဏ္ဍီစေတီ ၊ မိဂဒါဝုန် ၊ ဗာရာဏသီ

# သာဝတ္ထိ

မိဂဒါဝုန်မှ မော်တော်ကားလမ်း ၂၁၇-မိုင် ကွာဝေးပါသည်။ မြတ်စွာဘုရား လက်ထက် တော်က ကောသလတိုင်း ပသေနဒီကောသလမင်းကြီး၏ ထီးနန်းစိုက်ရာ မြို့တော်ဖြစ်သည်။ အစိရဝတီမြစ်ကမ်း အနီး၌ တည်ရှိပါသည်။ ယခုအခါ SRAVASTI ဆရာဗစတိဟုခေါ်၍ ဒေသခံတို့က "ဆာဟေ့မဟေ့" ဟု ခေါ်ကြပါသည်။ မြတ်စွာဘုရား ၂၅-ဝါ တိုင်တိုင် ဝါကပ်တော်မူသော ဇေတဝန်ကျောင်းတော်နှင့် ပုဗ္ဗာရုံကျောင်းတော် ရှိပါသည်။

## သာဝတ္ထိတွင် ဖူးမြော်မည့်နေရာတော်များနှင့် ရွတ်ဖတ်ပူဇော်ရန် သုတ္တန်ပါဠိတော်များ

### ၁။ ဇေတဝန်ကျောင်းတော်

ဇေတမင်းသား၏ ဥယျာဉ်ပန်းခြံအား အနာထပိဏ်သူဌေးက ဝယ်ယူ၍ ဇေတဝန် ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းပါသည်။ ကျောင်းတော်အတွင်း အဝိဇဟိတ လေးဌာနတွင် ပါဝင်သော မြတ်စွာဘုရားသီတင်းသုံးသည့် ဂန္ဓကုဋိ ရှိပါသည်။

### ဂန္ဓကုဋိ (နံ့သာကျောင်းတော်)

အဝိဇဟိတဌာန ဂန္ဓကုဋိအဝင်ဝတွင် စေတီငယ်တစ်ဆူရှိပါသည်။ ပန်း ဆီမီးအမွှေးတိုင်တို့ဖြင့် ပူဇော်နိုင်ပါသည်။ ဂန္ဓကုဋိအုတ်ခုံပေါ်တွင် ဘုရားဖူးများ စုပေါင်း၍ မင်္ဂလသုတ်နှင့် မေတ္တသုတ်များ ရွတ်ဆိုကြပါမည်။

## သာဝတ္ထိပြည်<br>ဇေတဝန် ကျောင်းတော်နေရာတွင် ရွတ်ဖတ်ပူဇော်ရန်

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ညဉ့် သန်းခေါင်ယံအချိန်၌ အမျိုးအမည်မထင်ရှားသော နတ်သားတစ်ပါးသည် ဘုရားရှင်ထံ ရှိသေစွာ ချဉ်းကပ် ရှိခိုးကာ လူနတ်ဗြဟ္မာတို့ ကြီးပွားချမ်းသာကြောင်း မင်္ဂလာတရားဘို့ကို ဟောကြားပါရန် တောင်းပန်လျှောက်ထားသည်။

မြတ်စွာဘုရားသည် ရန်သူမှန်သမျှ အောင်နိုင်ကြ၍ အဘယ်အရပ်မှာမဆို ချမ်းသာခြင်းသို့ ရောက်စေနိုင်သော ၃၈-ဖြာ မင်္ဂလာတရားတော်ဖြစ်သော မင်္ဂလသုတ်ကို ဇေတဝန်ကျောင်း တော်တွင် ဟောကြားတော်မူခဲ့သည်။

## မင်္ဂလသုတ်

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(က) ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိ ဂစ္ဆန္တိ၊ အဋ္ဌတိံ သဉ္စ မင်္ဂလံ။

(ခ) ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမဟေ။

၁။ ဧဝံ မေ သုတံ –
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေအာနာထ ပိဏ္ဍိကဿ အာရာမေ
အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ အဘိက္က န္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။
ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ
ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၂။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

၃။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၄။ ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၅။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

၆။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

၇။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

၈။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။

၉။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၀။ ခန္တီ စ သောဝစဿတာ၊ သာမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၁။ တပေါ စဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာစ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၂။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၃။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မ, ပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

မင်္ဂလသုတ္တံ အာရောဂျတ္ထာယ ဝေါ ရက္ခတု။
မင်္ဂလသုတ္တံ မင်္ဂလတ္ထာယ ဝေါ ရက္ခတု။

## မေတ္တသုတ်

ဟိမဝန္တာတောတွင် တရားအားထုတ်နေကြသော ရဟန်းငါးရာတို့သည် နတ်တို့ခြောက်လှန့် နှောင့်ယှက်မှုကြောင့် တရားအားမထုတ်နိုင်ရှိကြသဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် သီတင်းသုံးတော်မူလျက်ရှိသော မြတ်စွာဘုရားအားလျှောက်ထားကြသည်၊ မြတ်စွာဘုရားသည် ရဟန်းတို့အား မေတ္တသုတ်ကို ရွတ်ပွားရန် သင်ကြားပေးတော်မူသည်။

ရဟန်းတို့သည် မေတ္တသုတ်ကို ကမ္မဋ္ဌာန်းနှင့် အရံအတားအဖြစ် ရွတ်ပွား၍ ဝိပဿနာ အားထုတ်ကြရာ နတ်များ၏ ခြောက်လှန့်ခြင်းကို မခံရတော့ဘဲ နတ်တို့ကပင် ရဟန်းတို့အား မြတ်နိုးချစ်ခင်စွာ ဝတ်ကြီးဝတ်ငယ်ပြု၍ စောင့်ရှောက်ကြသည်။ ရဟန်းတို့သည် စိတ်နှလုံး ချမ်းမြေ့စွာ တရားအားထုတ်ကြရသဖြင့် ဝါတွင်း၌ပင် ရဟန္တာအဖြစ်သို့ ရောက်ကြရသည်။

## မေတ္တသုတ်

(က) ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယမှိ စေဝါ နုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ မတန္ဒိတော။

(ခ) သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိ ဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမဟေ။

၁။ ကရဏီယ မတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။

၂။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ။

၃။ န စ ခုဒ္ဒမာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၄။ ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၅။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၆။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာညမညဿ ဒုက္ခမိစ္ဆေယျ။

၇။ မာတာ ယထာ နိယံပုတ္တ-
မာယုသာ ဧကပုတ္တ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

၈။ မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရံ အသပတ္တံ။

၉။ တိဋ္ဌံ စရံ နိသိန္နော ဝ၊
သယာနော ယာဝတာ’ဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မမေတံ ဝိဟာရမိဓ မာဟု။

၁၀။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယ ဂေဓံ၊
န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ။

မေတ္တသုတ္တံ အာရောဂျတ္ထာယ ဝေါ ရက္ခတု။
မေတ္တသုတ္တံ မင်္ဂလတ္ထာယ ဝေါ ရက္ခတု။

# သာဝတ္ထိတွင် ဖူးမြော်မည့်နေရာတော်များ

## ၁။ သာဝတ္ထိမြို့ဟောင်း

သာဝတ္ထိမြို့တော်ဟောင်းကို ဒေသခံတို့က "မဟေ့" ဟုခေါ်၍ ဇေတဝန်ကျောင်း တော်ရာကို "ဆာဟေ့" ဟု ခေါ်ကြပါသည်။ သာဝတ္ထိမြို့တော်ဟောင်းတွင် ကောသလမင်းကြီးနန်းတော်ရာနှင့် မလ္လိကာမိဖုရားနေထိုင်သော နန်းမဆောင် ရှိပါသည်။

## ၂။ ကျောင်းတော်ရာများ

ပုဗ္ဗာရုံကျောင်းတော်သည် သာဝတ္ထိမြို့တော်၏ အရှေ့ဘက်၌ တည်ရှိပါသည်။ ကျောင်းအမကြီး ဝိသာခါ၏ ကောင်းမှုဖြစ်ပါသည်။ ယခုအခါ အစိရဝတီမြစ်ရေ တိုက်စားသဖြင့် သဲသောင်များဖုံးအုပ်လျက် ရှိပါသည်။ ရာဇကာရုံကျောင်းတော်ကို ပသေနဒီကောသလ မင်းကြီးက ဘိက္ခုနီမတို့အတွက် ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်ပါသည်။ မြို့တော်နှင့် ဇေတဝန် ကျောင်းတော်အကြားတွင်ရှိပြီး နေရာအတိအကျကို တူးဖော်တွေ့ရှိခြင်း မပြုရသေးကြောင်း သိရှိရပါသည်။

## ၃။ အာနန္ဒာဗောဓိ

အရှင်အာနန္ဒာ၏ အစီအစဉ်ဖြင့် စိုက်ပျိုးသော ဗောဓိပင်ဖြစ်ပါသည်။ အရှင်အာနန္ဒာ၏ လျှောက်ထားချက်အရ အရှင်မဟာမောဂ္ဂလာန်သည်၊ ဗုဒ္ဓဂယာမှ မျိုးစေ့ကိုယူဆောင်ပေးခဲ့၏၊ အရှင်အာနန္ဒာက ဗောဓိမျိုးစေ့အား ကောသလမင်းကြီး သို့အပ်၏၊ ကောသလမင်းကြီးက မျိုးစေ့ကို အနာထပိဏ်သူဌေးကြီး၏လက်သို့ အပ်နှင်းပြီး ဗောဓိပင်ကို စိုက်ပျိုးစေသည်။ အနာထပိဏ် သူဌေးကြီးသည် ဗောဓိမျိုးစေ့ကို ဇေတဝန်ကျောင်းပေါက်ဝ၌ စိုက်ပျိုးခဲ့၏။ အရှင်အာနန္ဒာ၏ အစီအစဉ်ဖြင့် စိုက်ပျိုးခြင်းကြောင့် အာနန္ဒာဗောဓိ (ပရိဘောဂစေတီ) ဟု ခေါ်ဆိုပါသည်။

## ၄။ ကဏ္ဍာမ္ဗသရက်ဖြူပင်ကုန်း

သာဝတ္ထိပြည်ရှိ တိတ္ထိများကို အကြောင်းပြု၍ မြတ်စွာဘုရားသည် ဝါဆိုလပြည့်နေ့တွင် သာဝတ္ထိပြည်၌ တန်ခိုးပြာဋိဟာ ပြတော်မူမည်ဟု မိန့်တော်မူခဲ့၏။ ဝါဆိုလပြည့်နေ့တွင် ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်က လှူဒါန်းသည့် သရက်သီးကို ဘုဉ်းပေးသုံးဆောင်တော်မူပြီး ဥယျာဉ်စောင့်အား အစေ့ကိုစိုက်ပျိုးစေခဲ့သည်။ ထိုသရက်ပင်သည် ချက်ချင်းပင် ကြီးထွားလာခဲ့ပါသည်။ မြတ်စွာဘုရားသည် ထိုသရက်ပင်ရင်း၌ ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူသည်။ ထိုသို့ တန်ခိုးပြာဋိဟာပြတော်မူပြီးနောက်၊ တာဝတိံသာနတ်ပြည်သို့ (၂–လှမ်း–၃–ဖဝါးဖြင့်) ကြွတော်မူ၏။ တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အမှူးထားပြီး အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့ပါသည်။


## ၅။ အခြားနေရာများ

သံဝေဂရလာသော ဒေဝဒတ်သည် မြတ်စွာဘုရားအား တောင်းပန်ကန်တော့ရန် ဂယာသီသမှ သာဝတ္ထိသို့ လာခဲ့သော်လည်း၊ ရေကန်တစ်ခုသို့ အရောက်ပူလွန်း၍ မနေနိုင်သဖြင့် ထမ်းစင်မှ ချစေရာတွင် မြေမျိုခံရသောနေရာ ရေအိုင်ငယ်ဖြစ်ပါသည်။ ဒေဝဒတ်ရေအိုင်မှ ဇေတဝန်ဘက်သို့ အသွားကားလမ်းဘေးတွင် ရေအိုင်ငယ်တစ်ခု ရှိသေး၏၊ ၎င်းရေအိုင်မှာ ကိုယ်ဝန်တုဖြင့် ပရိသတ်အလယ်တွင် ဘုရားရှင်အား အရှက်ခွဲသူ စိဉ္စမာဏ မြေမျိုခံရသော နေရာဖြစ်ပါသည်။

## ၆။ မြတ်စွာဘုရားခြေဆေးတော်မူရာရေတွင်း


ဂန္ဓကုဋိကျောင်းဆောင်ရှေ့ မြတ်စွာဘုရား ဆွမ်းခံပြန်ရောက်လျှင် ခြေဆေးသော အုတ်ရေတွင်း ဖြစ်သည်။

# သာဝတ္ထိမြို့ (မဟေ့ - Maheth) မြေပုံ





ဂန္ဓကုဋိကျောင်းဆောင် ၊ အဝိဇဟိတဌာန ၊ သာဝတ္ထိမြို့



အာနန္ဒာဗောဓိညောင်ပင် ၊ သာဝတ္ထိမြို့




ကဏ္ဍမ္ဗသရက်ဖြူပင်ကုန်း ၊ သာဝတ္ထိမြို့



ကောသလမင်းကြီးနန်းတော်ရာ ၊ သာဝတ္ထိမြို့

# ဇေတဝန်ကျောင်းတော် (ဆဟေ့-Saheth) မြေပုံ



# လုမ္ဗိနီ

သာဝတ္ထိမှ ၁၃၉ မိုင်ကွာဝေးသည် ။ နီပေါနိုင်ငံအတွင်းတွင်တည်ရှိသည်။ သာဝတ္ထိမှ နီပေါနိုင်ငံနယ်စပ်မြို့ ဆိုနောင်ါမှတဆင့် ၁၇-မိုင်ခန့်သွားရောက်ရသည်။ မြတ်စွာဘုရား လက်ထက်တော်က အင်ကြင်းပင်တို့နှင့် ဝေဆာနေသည့် ဥယျာဉ်တော်ကြီးဖြစ်သည်။ သုဒ္ဓေါဒနမင်းကြီး၏ ကပိလဝတ်နေပြည်တော်နှင့် အဉ္ဇနမင်းကြီး၏ ဒေဝဒဟနေပြည်တော် နှစ်ခုအကြား၌ တည်ရှိခဲ့သည်။

လုမ္ဗိနီအင်ကြင်းဥယျာဉ်တော်အတွင်း မြတ်စွာဘုရားအလောင်းတော်သည် မယ်တော် မာယာဒေဝီ မိဖုရားကြီး၏ ဝမ်းကြာတိုက်မှ မဟာသက္ကရာဇ် ၆၈-ခု ဥတုဂိမှာန ကဆုန်လပြည့် သောကြာနေ့တွင် ကောင်းစွာဖွားသန့်စင်တော်မူသည်။ ထိုအခါကောင်းကင်ထက်မှ ရေပူစမ်း၊ ရေအေးစမ်း စမ်းနှစ်သွယ်တို့သည် အလိုအလျောက်ထွက်ပေါ်၍ အလောင်းတော်နှင့် မယ်တော် တို့အား အပူအအေးမျှတမှုကို ဖြစ်ပေါ်စေသည်။ ဖွားမြင်ပြီးစ အလောင်းတော်အား ဗြဟ္မာကြီး လေးဦးက ရွှေဇာကွန်ယက်ဖြင့်လည်းကောင်း၊ စတုမဟာရာဇ် နတ်မင်းကြီးလေးဦးက သစ်နက်ရေဖြင့်လည်းကောင်း၊ လူတို့က ဘွဲ့ဖြူပုဆိုးဖြင့် လည်းကောင်း အဆင့်ဆင့်ခံယူကြသည်။ ထို့နောက်ဘုရားအလောင်းတော်သည် မြေပေါ်၌ ခြေတော်အစုံရပ်လျက် အရပ်ဆယ်မျက်နှာကို အစဉ်အတိုင်း ကြည့်ရှုတော်မူရာ ကိုယ်တော်မြတ်နှင့် တူသော သူတစ်စုံတစ်ယောက်ကိုမျှ မြင်တော်မမူသဖြင့် ရပ်တော်မူရာ အရပ်မှ မြောက်အရပ်သို့ မျက်နှာတူရူ ခြေခုနစ်ဖဝါး လှမ်းကြွတော်မူပြီးနောက်-

**အဂ္ဂေါဟ မသ္မိ လောကဿ**
**ဇေဋ္ဌောဟ မသ္မိ လောကဿ**
**သေဋ္ဌောဟ မသ္မိ လောကဿ**

စသည်ဖြင့် ကြုံးဝါး မြွက်ဆိုတော်မူသည်။

- အဂ္ဂေါဟ မသ္မိ လောကဿ - ငါသည်လူသုံးပါးတွင် အမြတ်ဆုံး
- ဇေဋ္ဌောဟ မသ္မိ လောကဿ - ငါသည်လူသုံးပါးတွင် အကြီးအကဲဆုံး
- သေဋ္ဌောဟ မသ္မိ လောကဿ - ငါသည် လူသုံးပါးတွင် အချီးမွမ်းအပ်ဆုံး

# ရှိခိုးပူဇော်ရန်နေရာများ

## ၁။ လောကမာရဇိန်စေတီ

မြန်မာနိုင်ငံတော်အစိုးရ၏ ကောင်းမှုဖြစ်ပါသည်။ စေတီတော်တွင် ဘုရားပုံများ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးများကပ်လှူပူဇော်၍ ရှိခိုးကန်တော့ရန် ဖြစ်ပါသည်။

# လုမ္ဗိနီတွင် ဖူးမြော်မည့်နေရာတော်များ

## ၁။ အသောကကျောက်တိုင်

ဘုရားအလောင်းတော်ဖွားမြင်သည့် နေရာကိုမှတ်သား၍ အသောကမင်းကြီး စိုက်ထူခဲ့သော ကျောက်စာတိုင်ဖြစ်ပါသည်။ မိုးကြိုးဒဏ်ကြောင့်သော်လည်းကောင်း၊ ရန်သူတို့ ဖျက်ဆီးမှုကြောင့် သော်လည်းကောင်း လက်ရှိကျောက်တိုင်းမှာ ကျိုးအက်လျက်ရှိပါသည်။ ကျောက်တိုင်ပေါ်၌ စာ ၅-ကြောင်းရေးထိုးထားရာ အဓိပ္ပါယ်မှာ-

" ဒေဝါနံ ပိယတိဿမင်းကြီးသည် နန်းစံအနှစ် ၂၀ တွင် ဤဒေသသို့ ဘုရားဖူးရောက်ခဲ့ သည်။ မြတ်စွာဘုရား ဖွားတော်မူရာဌာန အထိမ်းအမှတ်အဖြစ် ကျောက်တိုင်စိုက်ထူခဲ့သည်။ လုမ္ဗိနီရွာကို အခွန်တော်လွတ်ငြိမ်းခွင့်ပြုလိုက်သည်" ဟုရေးထိုးထားပါသည်။

## ၂။ မယ်တော်မာယာ သားဖွားတိုက်ခန်း

အသောကကျောက်တိုင်၏ အရှေ့ဘက် အဆောက်အဦငယ်တစ်ခု၏ အတွင်း တွင်ရှိသည်။ မယ်တော်မာယာသည် အင်ကြင်းကိုင်းကို ကိုင်လျက် ဘုရားအလောင်း မင်းသားငယ်သည် မယ်တော်ဘေး၌ မတ်တပ်ရပ်လျက်ရှိသည်

## ၃။ စေတီငယ်များ

မယ်တော်မာယာရုပ်ထု၏ အနောက်ဘက်နှင့် မြောက်ဘက်တွင် ရှိသည်။ ဘုရား အလောင်းတော် ဖွားတော်မူပြီးလျှင်ပြီးချင်း မြောက်အရပ်သို့ ခြေခုနစ်လှမ်း ကြွသွားသည့် အထိမ်းအမှတ်အဖြစ် တည်ထားသော စေတီငယ်များဖြစ်သည်။ ယခုအခါ အုတ်ခုံ ၄–ခုသာ တွေ့ရှိရသည်။

## ၄။ လုမ္ဗိနီရွှေကျောင်း

မြန်မာနိုင်ငံအစိုးရ၏ ကောင်းမှုကုသိုလ်ဖြစ်ပါသည်။



ဖွားတော်မူဟန်ကျောက်ရုပ်ထု ၊ လုမ္ဗိနီ ၊ နီပေါနိုင်ငံ




ဖွားတော်မူရာအုတ်ကျောင်း ၊ လုမ္ဗိနီ ၊ နီပေါနိုင်ငံ



လောကမဏိစူဠာစေတီတော် ၊ လုမ္ဗိနီ ၊ နီပေါနိုင်ငံ

# လုမ္ဗိနီမြေပုံ



လောကမဏိစူဠာစေတီတော်
မြန်မာရွှေကျောင်း
N
လုမ္ဗိနီဥယျာဉ်ဝင်ပေါက်
ဖွားတော်မူရာအုတ်ကျောင်း
တိဘက်ကျောင်း
အသောကကျောက်တိုင်
ရေသန့်စင်ရာရေကန်
နီပေါကျောင်း
လုမ္ဗိနီဂိတ်
လမ်းမကြီး

# ကုသိနာရုံ

လုမ္ဗိနီမှ ၁၁၀ မိုင်ကွာဝေးသည်။ ဒေသအခေါ် kushinagar ကုရှိနဂါဖြစ်သည်။ မြတ်စွာဘုရား လက်ထက်တော်က မလ္လမင်းတို့၏ နေပြည်တော်ဖြစ်ခဲ့သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး နောက်မကြာမီတွင် မလ္လနိုင်ငံတော်ကို အဇာတသတ်မင်းက သိမ်းပိုက်၍ မဂဓ တိုင်းအတွင်း သွတ်သွင်းခဲ့သည်။

## ဖူးမြော်မည့်နေရာတော်များနှင့် ရွတ်ဆိုပူဇော်ရန် ဂါထာ ၊ ပါဠိတော်များ

### ၁။ ဘုရားကျောင်းတော် ပရိနိဗ္ဗာန်စံတော်မူပုံ ရုပ်တုတော်

ဘုရားကျောင်းတော်အတွင်း မြောက်ဘက်သို့ ဦးခေါင်းပြုတော်မူ၍ အနောက်သို့ မျက်နှာမူကာ ကုသိနာရုံပုံ ဆင်းတုတော်ကြီးရှိသည်။ သဗ္ဗညုမြတ်စွာဘုရားသည် ၄၅-ဝါ ကာလပတ်လုံး သတ္တဝါဝေနေယျတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူရန် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွတော်မူလာခဲ့၏ လမ်းခရီးတွင် စုန္ဒ အမည်ရှိ ရွှေပန်းထိမ်သည်၏ ဥယျာဉ်၌ တစ်ညမျှနားနေခဲ့၏။ နံနက်မိုးသောက်တွင် စုန္ဒ သူကြွယ် ကပ်လှူသော ဝက်ပျိုသားဟင်းကို ဘုဉ်းပေးခဲ့၏။ ကုသိနာရုံသို့ ခရီးဆက်ရာလမ်းတွင် ဝမ်းတော်လား၍ ဝမ်းသွေးသွန်တော်မူ၏ ကကုဓာမြစ် အရောက်တွင် ရဟန်းသံဃာတို့နှင့်အတူ ရေသပ္ပာယ်တော်မူခဲ့၏။ ပါဝါနှင့် ကုသိနာရုံအကြား ၆-မိုင်ခရီးတွင် ၂၅-ကြိမ် ရပ်နားတော်မူခဲ့ရ၏။ ဟိရညဝတီမြစ်ကို ဖြတ်ကျော်အပြီးတွင် ကုသိနာရုံ မလ္လမင်းတို့၏ အင်ကြင်း ဥယျာဉ်သို့ ရောက်တော်မူသည်။ ကုသိနာရုံ၌ အင်ကြင်း ပင်ပျိုနှစ်စုံ၏ အကြားတွင် ညောင်စောင်းတော်ကို မြောက်အရပ်သို့ ဦးခေါင်းလှည့်ကာ နေရာခင်းစေ၏။ မြတ်စွာဘုရားသည် ညောင်စောင်းပေါ်၌ လက်ယာနံတောင်းဖြင့် လဲလျောင်းတော်မူ၏။ ထိုနေ့ညပထမယံ၌ မလ္လမင်းပရိသတ်တို့အားလည်းကောင်း၊ မဇ္ဈိမယံ၌ သုဘဒ္ဒပရိဗိုဇ် အားလည်းကောင်း၊ ပစ္ဆိမယံ၌ ရဟန်းပရိသတ်အား လည်းကောင်း တရားဟောပြတော်မူသည်။ မဟာသက္ကရာဇ် ၁၄၈ ခု ကဆုန်လပြည့်

နေ့တွင် မြတ်စွာဘုရားရှင်သည် အနုပါဒိသေသနိဗ္ဗာန ဓာတ်ဖြင့် ပရိနိဗ္ဗာန်စံတော်မူ၍ ဒုက္ခဇာတ်သိမ်း ချုပ်ငြိမ်းတော်မူသည်။

မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို အင်ကြင်းဥယျာဉ်တော် အတွင်း၌ ခြောက်ရက်တိုင်တိုင် ပန်းနံ့သာတူရိယာတို့ဖြင့် ပူဇော်ပြီး ခုနစ်ရက် မြောက်သောနေ့တွင် မကုဋဗန္ဓနစေတီဌာန၌ တေဇောဓာတ်လောင်ကျွမ်းသည်။

ဘုရားပူးအဖွဲ့ဝင်များသည် မဟာတိုးအဖွဲ့မှ ပေးအပ်လိုက်သည့် ရွှေကြာ သက်န်းတော်ကို အဖွဲ့ ဝင် အစုံအညီကိုင်ဆောင်၍ ကုသိနာရုံ ရုပ်တုတော်ကြီးအား လက်ယာရစ် ပတ်လျှက် ဂါထာပါဠိတော် များရွတ်ဆိုပြီး သက်န်းတော်လှူဒါန်း ဆက်ကပ်ရန်ဖြစ်ပါသည်။

## ရွတ်ဆိုရန် ဂါထာ ပါဠိတော်များ

## ပစ္ဆိမဗုဒ္ဓ ဝစန

ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တ ယာမိဝေါ၊
ဝယဓမ္မာ သင်္ခါရာ၊
အပ္ပမာဒေန သမ္ပာဒေထ။

## အနိစ္စ ဝတ သင်္ခါရာ သံဝေဂဂါထာ

အနိစ္စ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိ ရု ဇ္ဈန္တိ တေသံ ဝူပသမော သုခေါ။

## သဗ္ဗေသင်္ခါရ သံဝေဂဂါထာ

''သဗ္ဗေသင်္ခါရာ အနိစ္စာ'' တိ၊ ယဒါပညာယ ပဿတိ'' အထနိဗ္ဗိန္ဒတိဒုက္ခေ ၊ သေမဂ္ဂေါ ဝိသုဒ္ဓိယာ။
''သဗ္ဗေသင်္ခါရာ ဒုက္ခာ'' တိ ၊ ယဒါ ပညာယ ပဿတိ။ အထနိဗ္ဗိန္ဒတိဒုက္ခေ ၊ သေမဂ္ဂေါဝိသုဒ္ဓိယာ။
''သဗ္ဗေဓမ္မာအနတ္တာ'' တိ၊ ယဒါပညာယပဿတိ အထနိဗ္ဗိန္ဒတိ ဒုက္ခေ ၊ သေမဂ္ဂေါ ဝိသုဒ္ဓိယာ။

## ၂။ မဟာပရိနိဗ္ဗာန စေတီတော်

ပရိနိဗ္ဗာန်စံ ရုပ်ပွားတော်ကြီးရှိရာ ဘုရားကျောင်းတော်အနီးမှာပင် ရှိပါသည်။ ပရိနိဗ္ဗာန်စံတော် မူသော နေရာ၌ တည်ထားခြင်း ဖြစ်ပါသည်။

## ၃။ အင်္ဂါရစေတီ (မကုဋဗန္ဓစေတီ)


မဟာပရိနိဗ္ဗာန စေတီတော်မှ အရှေ့ဘက်တွင် ရှိပါသည်။ ဘုရားဖူးများ မော်တော်ကားဖြင့် သွားရောက်ကြပါမည်။ မလ္လမင်းတို့ ဦးသျှောင်ထုံးဖွဲ့သည့် နေရာတွင် တည်ထားသဖြင့် မကုဋဗန္ဓန စေတီဟုလည်းကောင်း၊ တေဇောဓာတ် လောင်ကျွမ်းရာမှ ကျန်ရစ်သည့် မီးသွေးများကို ဌာပနာ၍ စေတီတည်သောကြောင့် အင်္ဂါရစေတီဟု လည်းကောင်း ခေါ်ဝေါ်ကြပါသည်။

## ၄။ မြတ်စွာဘုရားရေသပ္ပာယ်တော်မူရာဌာန


မကုဋဗန္ဓနစေတီနှင့် မဟာပရိနိဗ္ဗာနစေတီအကြားတွင် ရှိသည်။ ရှာန်ဝင်စားဟန်ထုလုပ်ထား သော ဗုဒ္ဓရုပ်ပွားတော်ရှိသည်။




ပရိနိဗ္ဗာန်စံရုပ်တုတော် ၊ ကုသိနာရုံ



မဟာပရိနိဗ္ဗာနစေတီ ၊ ကုသိနာရုံ






ရေကြည်တော်သပ္ပာယ်တော်မူရာ ၊ ကုသိနာရုံ



အင်္ဂါရစေတီတော် ၊ ကုသိနာရုံ

# ကုသိနာရုံမြေပုံ



# ဝေသာလီပြည်

ကုသိနာရုံမှ ပတ္တနားမြို့သို့သွားသည့်ခရီးတွင် ပတ္တနားမြို့အနီး ဂင်္ဂါမြစ်ကမ်းပါး၌ တည်ရှိသည်။ မြို့ကိုတံတိုင်းသုံးထပ်ကာရံထားသည်။ ဝေသာလီသည် ဝဇ္ဇီတိုင်း လစ္ဆဝီမင်းသားတို့ ဦးဆောင်၍ ပြည်သူ့ကိုယ်စားလှယ်များ စုပေါင်းအုပ်ချုပ်သော မြို့ဖြစ်သည်။

ဝေသာလီမြို့သူ မြို့သားတို့ကို ဘီလူးအန္တရာယ်မှ ကင်းဝေးစေရန် မြတ်စွာဘုရားသည် ညီတော်အာနန္ဒာအားရတနသုတ်ပရိတ်တော်ကို ရွတ်ဖတ်စေပြီးနောက်တွင် ဘီလူးတို့ အန္တရာယ်မှ ကင်းဝေးခဲ့သည် လစ္ဆဝီမင်းတို့က မြတ်စွာဘုရားအား ဝေသာလီမဟာဝုန်တော်၌ ကူဋာဃာရ ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်း သည်။

ဝေသာလီသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး နောက်နှစ်ပေါင်း တစ်ရာတွင် ဒုတိယသင်္ဂါယနာတင်သော မြို့ဖြစ်သည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးသောအခါ အဇာတသတ်မင်းသည် ဝေသာလီပြည်သား ဝဿကာရအမည်ရှိ ပုဏ္ဏားအမတ်အား ဝေသာလီမြို့သို့စေလွှတ်၍ လစ္ဆဝီမင်းများ၏ ညီညွတ်ခြင်းကို ဖျက်စေ၏၊ ညီညွတ်ခြင်းပျက်သည့်အခါ ဝေသာလီအား သိမ်းပိုက်၍ မာဂဓတိုင်းအတွင်း သွတ်သွင်းခဲ့သည်။

## ဖူးမြော်မည့်နေရာတော်များ

ကူဋာဃာရကျောင်းတော်နေရာတွင် အသောကမင်းတရားကြီး၏ ကျောက်တိုင်များ အနက် မကျိုးမပဲ့ တစ်ခုတည်းကျန်ခဲ့သော ခြင်္သေ့ရုပ်ထိပ်ပူးပါ ကျောက်တိုင်ကို တွေ့ရပါမည်။ တစ်ဝက်ပြိုကျ နေသော စေတီကြီးနှင့် လစ္ဆဝီမင်းသားတို့ ရေချိုးသော ရေကန်ကြီးကိုလည်း တွေ့ရမည်ဖြစ်ပါသည်။ ကူဋာဃာရကျောင်းတော်နေရာနှင့် ၁-ကီလိုမီတာအကွာတွင် အမ္ဗပါလဝန ဝိဟာရကျောင်းတော်ရာ ရှိပါသည်။ ကခြေသည် အမ္ဗပါလီလှူဒါန်းသော သရက်တောကျောင်း နေရာဖြစ်ပါသည်။


# ပတ္တနားမြို့

ကုသိနာရုံမှ ၁၇၀ မိုင်အကွာတွင်ရှိသည်။ ဂင်္ဂါမြစ်ကမ်းပေါ်တွင်တည်ရှိပြီး **ရှေးအခါက** ပါဋလိပုတ် နေပြည်တော်ဟု ထင်ရှားသည်။ ယခုအခါ ဗိဟာပြည်နယ်၏ မြို့တော်**ဖြစ်သည်။** သာသနာ ၂၃၅ ခုနှစ်တွင် သိရိဓမ္မာသောကမင်းတရားကြီး၏ အထောက်**အပံ့ဖြင့်** တတိယသင်္ဂါယနာတင်ပွဲကို ရဟန္တာ ၁၀၀၀ တို့ ကိုးလတိုင်တိုင် ကျင်းပခဲ့သည်။



ဒုတိယသင်္ဂါယနာတင် ဝါလိကာရုံကျောင်းတော်ရာ ၊ ဝေသာလီပြည်

ဒုတိယပုံ ။ ခြင်္သေ့ရုပ်တုပါ ...



အသောကမင်းကြီးသည် ဓမ္မက္ခန္ဓာ ၈၄၀၀၀ ကို အထိမ်းအမှတ်ပြုသောအားဖြင့် ရေတွင်းပေါင်း ၈၄၀၀၀ ၊ ရေကန်ပေါင်း ၈၄၀၀၀ ၊ စေတီပေါင်း ၈၄၀၀၀ နှင့် ကျောင်းပေါင်း ၈၄၀၀၀ ဆောက်လုပ် လှူဒါန်းခဲ့သည်။ ပတ္တနားတွင် အာသောကကျောင်းတော်ရာကို ဘုရားဖူးများ လေ့လာကြည့်ရှု နိုင်ပါသည်။

## နာလန္ဒာ

ပတ္တနားမြို့မှ ရာဇဂြိုဟ်သို့အသွား ရာဇဂြိုဟ်မြို့အနီးတွင် တည်ရှိပါသည်။ အရှင်သာရိပုတ္တရာ၏ ဖွားရာဇာတိဖြစ်သည်။ အရှင်သာရိပုတ္တရာ ဖွားတော်မူသည့် နေရာတွင် စေတီတည်ထားပါသည်။ နာလန္ဒာသည် မဟာယာနဗုဒ္ဓဘာသာ၏ ဗဟိုအချက်အချာ "နာလန္ဒဗုဒ္ဓဘာသာ တက္ကသိလာ"ကျောင်းတော်ကြီးဖြစ်ပါသည်။ စာသင်သား ၁၀၀၀၀– အထိရှိသော ကျောင်းတော်ကြီးကို ထိုခေတ်အခါက အုပ်ချုပ်သူ ဘုရင်မင်းများ၊ မြို့စားရွာစားများက ကျောင်းတော်ကြီး၏ ဝေယျာဝစ္စကို တာဝန်ယူကြပါသည်။ အေဒီ ၇ – ရာစု၊ ၈ – ရာစု မှစတင်၍ ဤမျှကြီးကျယ်ခမ်းနား ကျော်ကြားသော နာလန္ဒ တက္ကသိုလ်ကြီးသည် ၁၂–ရာစုနှစ်များအတွင်း မီးရှို့ဖျက်ဆီးခြင်းကြောင့် မီးစွဲလောင်၍ ပျက်သုဉ်းခဲ့ရပါသည်။

## ရာဇဂြိုဟ်

ရာဇဂြိုဟ်မြို့သည် ပတ္တနားမြို့၏ အရှေ့တောင်ဘက် ၆၅–မိုင်ကွာဝေးသည်၊ ဗုဒ္ဓဂယာနှင့် မိုင် ၆၀ ကွာဝေးသည်။ မြတ်စွာဘုရားလက်ထက်က မာဂဓတိုင်း ဘုရင်ဗိမ္ဗိသာရနှင့် သားတော် အဇာတသတ်တို့၏ ရာဇဂြိုဟ် နေပြည်တော်ဖြစ်သည်။ တောင်ငါးလုံးကာခို ရာဇဂြိုဟ်ဟု အဆိုရှိသည့်အတိုင်း ဘုရင် ဗိမ္ဗိသာရ၏ နန်းတော်သည် တောင်ငါးလုံးအတွင်းဘက်တွင်ရှိပြီး၊ အဇာတသတ်မင်း၏ နန်းတော်သည် တောင်ငါးလုံး အပြင်ဘက်တွင်ရှိသည်။

သမိုင်းဝင်ထင်ရှားသော မြို့အရံတောင်ငါးလုံးမှာ–

(၁) ဝေပုလ္လတောင် (၂) ဂိဇ္ဈကုဋ်တောင် (၃) ဣသိဂိလိတောင်

(၄) ပဏ္ဍဝတောင်နှင့် (၅) ဝေဘာရတောင်တို့ဖြစ်သည်။

# လေ့လာကြည့်ရှုဖူးမြော်မည့်နေရာတော်များ

## ၁။ ဝေဠုဝန်ကျောင်းတော်

မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ပထမဝါကပ်တော်မူပြီး ရဟန္တာ ၆၀ တို့အား အနယ်နယ်အရပ်ရပ်သို့ သာသနာပြုစေလွှတ်တော်မူ၍ ကိုယ်တော်တိုင်မူ ဂယာမြို့သို့ ကြွပြီး၊ ဉရုဝေလကဿပ ညီနောင်တို့ကို အကျွတ်တရားရစေသည်။ ဉရုဝေလကဿပ အမှူးပြုသော ရဟန္တာ တစ်ထောင်ခြံရံလျက် ရာဇဂြိုဟ်မြို့သို့ ကြွတော်မူသည်။ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရအား ''ဘုရားဖြစ်က ပထမဦး ဆုံးကြွခဲ့မည်'' ဟုပေးထားသော ကတိကို ပြေလည်စေရန် ကြွတော်မူခဲ့ခြင်း ဖြစ်သည်။

ဗိမ္ဗိသာရမင်းကြီးသည် ဘုရားကြွလာပြီကြား၍ အခမ်းအနားဖြင့်ကြို ဆိုသည်။ တရားတော်ကို နာရ၍ သောတာပန်တည်ပြီးသော ဗိမ္ဗိသာရမင်းကြီးသည် ရာဇဂြိုဟ်မြို့အထွက်ရှိ ဝေဠုဝန်ဉယျာဉ်တော်ကို မြတ်စွာဘုရားအား ရေစက်သွန်း ချလှူဒါန်းလေသည်။ ထို့ကြောင့် ဝေဠုဝန်ကျောင်းတော်ရာ ကား ဇမ္ဗူဒိပ်တွင် ပထမဦးဆုံး သာသနာ့မြေ ဖြစ်ပေသည်။

## ၂။ ရေပူစမ်း

ဝေဠုဝန်မှ တောင်ဘက်သို့ ဆက်သွားလျှင် ရေပူစမ်းသို့ရောက်သည်။ ရေပူစမ်းမှာ ဝေဘာရ တောင်ခြေရင်း၌ရှိသည်။ ဟိန္ဒူဘာသာကိုးကွယ်သူတို့က ရေပူစမ်း၌ရေချိုးရပါက ၉၆–ပါးရောဂါ အကုန်ပျောက်ကင်းသည်ဟု ယုံကြည် ကြသည်။ စဉ့်ပြွန်များမှ စီးကျနေသော ရေပူကို ချိုးကြရသည်။ ဇာတ်မြင့်သူတို့ချိုးပြီး ကျသောရေကို အလယ်အလတ်တန်းစားတို့ ချိုးရသည်။ ဇာတ်နိမ့်များက တတိယအဆင့်၌ ချိုးရသည်။

## ၃။ ပိပ္ပလိကျောက်ဂူ

ရေပူစမ်းမှ ဝေဘာရတောင်ပေါ်သို့ တက်သွားပါက တောင်ခုလတ်တွင် ပိပ္ပလိဂူကို တွေ့ရပါသည်။ အရှင်မဟာကဿပသိတင်းသုံးသဖြင့် အရှင်မဟာ

ကဿပ၏ ယော်မည် (ပိပ္ပလိ) ကို အကြောင်းပြု၍ ပိပ္ပလိဂူဟု အမည်တွင်သည်။ အရှင်မဟာကဿပမထေရ် မကျန်းမမာသဖြင့် ပိပ္ပလိဂူ ကျောင်းတိုက်သို့ မြတ်စွာဘုရားကြွတော်မူ၍ ဗောဇ္ဈင်သုတ်ကို ဟောကြားတော်မူခဲ့သည်။

# ရာဇဂြိုဟ်ပြည်
# ဝေဘာရတောင်ထိပ်
# ပိပ္ပလိလိုဏ်ဂူတွင် ရွတ်ဖတ်ပူဇော်ရန်
# ဗောဇ္ဈင်သုတ္တန်
# ဗောဇ္ဈင်သုတ်ပရိတ်တော်အဖွင့်

သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခ ဝိနာသနေ၊
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရသေနာ ပမဒ္ဒနေ။
ဗုဇ္ဈိတွာ ယေ စိမေ သတ္တာ၊ တိဘဝါ မုတ္တကုတ္တမာ၊
အဇာတိမ ဇရာဗျာဓိံ၊ အမတံ နိဗ္ဘယံ ဂတာ။
ဝေမာဒိ ဂုဏူပေတံ၊ အနေကဂုဏသင်္ဂဟံ၊
ဩသဓဉ္စ ဣမံ မန္တံ၊ ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။

ဟေ–အို သူတော်ကောင်းတို့၊ သံသာရေ–သံသရာ၌၊ သံသရန္တာနံ ကျင်လည်ကြကုန်သော သတ္တဝါတို့၏၊ သဗ္ဗဒုက္ခဝိနာသနေ–ဒုက္ခခပ်သိမ်းတို့ကို ပျောက်ငြိမ်းစေတတ်ကုန်သော၊ မာရသေနာ ပမဒ္ဒနေ မာရ်စစ်သည် အသင်းအပင်းတို့ကို နှိမ်နင်းဖျက်ဆီးတတ်ကုန်သော ဗောဇ္ဈင်္ဂေ–ဗောဇ္ဈင် မည်ကုန်သော၊ သတ္တ–ခုနစ်ပါးကုန်သော၊ ယေဓမ္မေ–အကြင်တရားတို့ကို ဗုဇ္ဈိတွာ–သိကြကုန် သောကြောင့်၊ ဥတ္တမံမြတ်ကုန်သော၊ ဣမေသတ္တာ–ဤပုဂ္ဂိုလ်တို့သည်၊ တိဘဝါ–ဘဝသုံးပါးမှ၊ မုတ္တကာ– လွတ်မြောက်ကြကုန်သည် ဖြစ်၍၊ အဇာတိံ–ပဋိသန္ဓေနေခြင်း မရှိသော၊ အဇရံ အိုခြင်းမရှိသော၊ အဗျာဓိံ– နာခြင်းမရှိသော၊ နိဗ္ဘယံ–ဘေးမရှိသော၊ နိဗ္ဗာနံ– နိဗ္ဗာန်သို့၊ ဂတာ–ရောက်ကြကုန်ပြီ၊ ဝေမာဒိဂုဏူပေတံ– ဤသို့အစရှိသော အကျိုးဂုဏ်အင် အာနိသင်နှင့် ပြည့်စုံသော၊ အနေကဂုဏ သင်္ဂဟ–ဂုဏ်

အပေါင်းများစွာ သိမ်းယူရာဖြစ်သော၊ ဩသဓဥ–ရောဂါပျောက်ကင်းရေးဝယ် ဆေးသဖွယ်လည်း ဖြစ်သော၊ မန္တဥ– အန္တရာယ်ကင်းရေးဝယ် မန္တာန်သဖွယ် လည်းဖြစ်သော၊ ဣကမံဗောဇ္ဈင်္ဂ–ဤဗောဇ္ဈင်သုတ် ပရိတ်ကို– မယံ–ငါတို့သည် ဘဏာမ–မချွတ်မမှားအောင် ရွတ်ဖွားကြပါကုန်စို့။

## ဗောဇ္ဈင်သုတ္တ

သံသာရေ သံသရန္တာနံ၊ သဗ္ဗဒုက္ခဝိနာသနေ။
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ၊ မာရသေနာပမဒ္ဒနေ။
ဗုဇ္ဈိတွာ ယေ စိမေ သတ္တာ၊ တိဘဝါ မုတ္တကုတ္တမာ။
အဇာတိ မဇရာဗျာဓိံ၊ အမတံ နိဗ္ဘယံ ဂတာ။
ဧဝမာဒိဂုဏူပေတံ၊ အနေကဂုဏသင်္ဂဟံ။
ဩသဓဉ္စကမံ မန္တံ၊ ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။
* ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော၊ ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊ ဗောဇ္ဈင်္ဂါ စ တထာပရေ။
* သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ၊ သတ္တေတေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊ ဘာဝိတာ ဗဟုလီကတာ။
* သံဝတ္တန္တိ အဘိညာယ၊ နိဗ္ဗာနာယ စဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။
* ဧကသ္မိံ သမယေ နာထော၊ မောဂ္ဂလ္လာနဉ္စ ကဿပံ၊
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊ ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။
* တေ စ တံ အဘိနန္ဒိတွာ၊ ရောဂါ မုစ္စိံသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။
* ဧကဒါ ဓမ္မရာဇာပိ၊ ဂေလညေနာဘိပီဠိတော။
စုန္ဒတ္ထေရေန တံယေဝ၊ ဘဏာပေတွာန သာဒရံ။
* သမ္မောဒိတွာန အာဗာဓာ၊
တမှာ ဝုဋ္ဌာသိ ဌာနသော။

ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။
* ပဟီနာ တေ စ အာဗာဓာ၊ တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂဟတာ ကိလေသာဝ၊ ပတ္တာ' နုပ္ပတ္တိဓမ္မတံ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဗောဇ္ဈင်္ဂသုတ္တန်နိဋ္ဌိတံ။

## ၇။ သတ္တပဏ္ဏိလှိုင်ဂူ

ပိပ္ပလိဂူမှ အထက်သို့ ဆက်လက်သွားသောအခါ ဝေဘာရတောင်ထိပ်မြေပြန့်သို့ ရောက်သည်။ ဝေဘာရတောင်၏ နံရံစရည်းပင် ရောက်ရာလှိုဏ်ဂူတော်ကြီးနှင့် အနီးရှိ လှိုဏ်ဂူတော်အသီးသီးတို့၌ အရိယာရဟန္တာ သံဃာ့မထေရ်ကြီးအရှင်မဟာကဿပ အကြီးအမှူးပြုသည့် ရဟန်းတော် ၅၀၀ တို့သည် မြတ်စွာဘုရားဟောကြားတော်မူခဲ့သော "ဓမ္မဝိနယ" တို့ကို ၇-လ တိုင်အောင် ပဌမသင်္ဂါယနာတင်ပွဲကြီးကို ပူဇော်ဆင်နွှဲ ခဲ့ကြလေသည်။ ဤသင်္ဂါယနာတင်ပွဲကြီးက စင်ကြယ်မြင့်မြတ်သော ထေရဝါဒ သာသနာ့လမ်းကြောင်းကို ခိုင်မာစွာ ပန္နက်ချခဲ့ပေသည်။

## ၅။ ဆွန်ဘဏ္ဍာလှိုဏ်ဂူ

ဝေဘာရတောင်ခြေ၌ရှိသည်။ ဗိမ္ဗိသာရမင်းကြီး၏ ရွှေတိုက်တော်ဖြစ်ပါသည်။ ကျောက်တောင်ကိုထွင်း၍ထားသော ဂူဖြစ်သည်။

## ၆။ ဗိမ္ဗိသာရအကျဉ်းထောင်

စတုရန်းပေ ၂၂၀ အကျယ်ရှိသည်။ ဘုရင်ဗိမ္ဗိသာရသည် အကျဉ်းကျနေစဉ် ဂိဇ္ဈကုဋ် တောင်ပေါ်မှ စင်္ကြံကြွနေသော ဗုဒ္ဓကိုဖူးမြော်ရသဖြင့် အစာမစားရသော်လည်း (ဗုဒ္ဓဂုဏာဘာဝနာပီတိကြောင့်) အသက်ရှင်လျက်ရှိသည်။ ဤနေရာသည် သား၏ ရက်စက်မှုကို ခွင့်လွှတ်နိုင်စွမ်းသည့် ကြီးမားသော ဖခင်မေတ္တာနှင့် ၊ လင်သား

အပေါ်သစ္စာရှိစွာ ကြင်နာခဲ့သော မိဖုရား၊ လောကီဂုဏ်စည်း စိမ်တို့အတွက် ကမ္ဘာတုန်အောင်ရက်စက်ခဲ့သော အဇာတသတ်တို့၏ ကြေကွဲဖွယ်ရာအဖြစ် အပျက်များ ဖြစ်ပျက်ခဲ့ပေသည်။

## ၇။ ဇီဝကဥယျာဉ်

ဗိမ္ဗိသာရအကျဉ်းထောင်နေရာမှ ဂိဇ္ဈကုဋ်တောင်သို့ သွားရာလမ်းတွင်ရှိသည်။ ဇီဝကသည် ဤဥယျာဉ်တွင် ကျောင်းဆောက်၍ မြတ်စွာဘုရားအား လှူဒါန်းခဲ့၏။ ဤဥယျာဉ်၌ မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် တန်ဆောင်မုန်းလ၏ လပြည့်ညဝယ် အဖေကိုသတ်ပြီး ညစဉ်အိပ်မပျော် နိုင်ခဲ့သော သွေးလန့်နေသူ အဇာတသတ်သည် ဆရာဇီဝက၏ ဦးဆောင်မှုဖြင့် ဗုဒ္ဓထံချဉ်းကပ်၍ သာမညဖလ သုတ္တန်ကို နာကြားရပြီးနောက် ဗုဒ္ဓဘာသာဝင် ဥပသကာအဖြစ် ရောက်ခဲ့၏။ ဤနေရာသည် အဇာတသတ်၏ သမိုင်းကြောင်းကို ပြောင်းလဲစေကာ အဖသတ်သူ အဖြစ် ထင်ရှားနေရာမှ ပထမသင်္ဂါယနာတင် သာသနာပြုဘုရင်တစ်ပါးအဖြစ် ရောက်စေခဲ့သော နေရာဖြစ်ပါသည်။

## ၈။ ဝိရှသျှန္တိစေတီတော်

ဂိဇ္ဈကုဋ်တောင်၏ မြောက်ဘက်ဂိဇ္ဈကုဋ်တောင်ထက် မြင့်သောရတနာဂီရိ တောင်ထိပ်တွင် ဂျပန်နိုင်ငံမှ အရှင်ဖီဂျီတည်ထားသော ငြိမ်းချမ်းရေးစေတီဖြစ်သည်။ ဟီရိုရှီးမား နှင့် နဂါစကီးတို့၏ အနုမြူဒဏ်ခံရခြင်းကို သံဝေဂယူ၍ ကမ္ဘာ့ငြိမ်းချမ်းရေး အထိမ်းအမှတ်အဖြစ် သာသနာ ၂၅၁၀-ပြည့်နှစ်တွင် တည်ထားခဲ့သည်။ တောင်ထိပ်၌ အလွန် ခမ်းနားထည်ဝါသော ဂျပန်ဘုန်းကြီးကျောင်းပန်းခြံနှင့် ဟယ်လီကော့ပတာ ဆင်းသက်ရန် ကွင်းရှိသည်။

## ၉။ ထိုင်ခုံစက်လှေကား

ဝိရှသျှန္တိစေတီသို့ ထိုင်ခုံစက်လှေကား Rope Way ဖြင့်တက်နိုင်သည်။ ရတနာဂီရိ တောင်ခြေမှ တောင်ထိပ်သို့ ကောင်းကင်ဘတ်ကြိုးသွယ်တန်းထားပြီး၊ ထိုင်ခုံ ၁၄၄-ခုံ ဖြင့် အတက်အဆင်း ပြုလုပ်ပေးသည်။ ဂျပန်နိုင်ငံ၏ ကုသိုလ်ဖြစ်သည်။

## ၁၀။ ဂိဇ္ဈကုဋ်တောင်ထိပ်ကျောင်းတော်ရာ

ဝိဠုသျှန့်စေတီမှ အရှေ့ဘက်သို့ ဆင်းလျှင် မြတ်စွာဘုရား ကျောင်းတော်ရာ ရှိသော ဂိဇ္ဈကုဋ် တောင်ထိပ်သို့ရောက်သည်။ ရဟန်းတော်များ သီတင်းသုံးသည့် ကျောက်ဂူငယ် အများအပြားရှိသည့် ကျောင်းတော်ရာနှင့် အနီးကပ်ဆုံးဂူမှာ အာနန္ဒာဂူဖြစ်သည်။ တောင်ခြေမှ တောင်ပေါ်သို့ လမ်းခရီးတွင် စေတီငယ်နှစ်ဆူရှိသည်။ ပထမစေတီမှာ ဗိမ္ဗိသာရမင်းကြီး ဘုရားကျောင်းတော်သို့သွားသောအခါ ရထားမှဆင်းသက်၍ ခြေလျင်စတင်သွားသော နေရာဖြစ်သည်။ ဒုတိယစေတီမှာ သရဖူနှင့် သံလျက်တော်ကို ဖြုတ်၍ ကိုယ်ရန်တော်ဗိုလ်မှူးထံ အပ်နှံခဲ့သော နေရာဖြစ်သည်။

## ရာဇဂြိုဟ် ဂိဇ္ဈကုဋ်တောင်၌ ရွှတ်ဖတ်ပူဇော်ရန် ပရိမိတ္တဇာလသုတ်
## ပရိမိတ္တဇာလသုတ် အမွှန်း

အို... နှစ်လုံးပျော့ပျောင်း၊ သူတော်ကောင်းတို့၊ အကြောင်းဆုံလာ၊ တို့မြတ်စွာသည်၊ ငါးဖြာ တောင်ညို၊ ဝန်းရံခိုသည့်၊ ရာဇဂြိုဟ် ပြည်အနီး၊ ဂိဇ္ဈကုဋ်တောင်ကြီး၌၊ ခိုမှီးရှင်ပြုံး၊ သီတင်းသုံးရာ ထိုအခါ၌၊ ဗြဟ္မာနတ်များ၊ မိုးသိကြားပြင်၊ အများသံဃာ၊ လူစုံစွာနှင့်၊ ညီညာဖျဖျ၊ မဥ္ဇူသကဟု၊ ထူးလှသတို့သား၊ ပရိသတ်များအား၊ ထူးခြားပရိမိတ္တ၊ ဇလသုတ်ကို၊ မိန့်ကြားဆို၏၊ ကြည်ညိုသူများ၊ ရွှတ်ဖတ်ငြားက၊ သက်ကားရာကျော်၊ ကောင်းကျိုးပေါ်၏၊ ရှုမျှော်ပုည၊ ကျိုးဖလကို၊ မှန်းဆဖွေဆက်၊ မရေတွက်နိုင်၊ ကောင်းကျိုးလှိုင်၏၊ ဆိုင်ဆိုင်ထွေလာ၊ လောကသာဝယ်၊ ဂင်္ဂါဝါဠု၊ သဲစုမက၊ ပွင့်ကုန်ကြသား၊ မြတ်ဘုရားတို့ ဟောကြား စဉ်လာ၊ ဤဒေသနာကို ခုခါတို့များ၊ ကုသိုလ်ပွားအောင်၊ ရွှတ်ပွား ကြကုန်စို့။

# ပရိမိတ္တဇာလသုတ် ပါဠိတော်

၁။ ။ ဧဝ မေ သုတံ ဧကံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေ။ တေန ခေါပန သမယေန ကုမ္ဘဏ္ဍေန ယက္ခေန, ဒေဝေန ယက္ခေန, ဣန္ဒေန ယက္ခေန, ဗြဟ္မေန ယက္ခေန, သုပဏ္ဏေန ယက္ခေန, နာဂေန ယက္ခေန, ဂန္ဓဗ္ဗေန ယက္ခေန, ပုဗ္ဗဒိသေန ယက္ခေန, အဂ္ဂိဒိသေနယက္ခေန, ဒက္ခိဏာဒိသေန ယက္ခေန, နရတိမဒိသေန ယက္ခေန ပစ္ဆိမဒိသေန ယက္ခေန, ပါရပ္ပဒိသေန ယက္ခေန, ဥတ္တရဒိသေန ယက္ခေန, သေန္ဒဒိသေန ယက္ခေန, သမုဒ္ဒဒိသေန ယက္ခေန, အာကာသဒိသေန ယက္ခေန, ဘူမဒိသေန ယက္ခေန။

၂။ ။ အပ္ပမေယျော ဗုဒ္ဓေါ၊ အပ္ပမေယျော ဓမ္မော၊ အပ္ပမေယျော သံဃော၊ ဘယဿန္တံ မဟာမောဂ္ဂလ္လာနံ။

၃။ ။ ယတ္ထ ယတ္ထ အပါဒကာ၊ ယတ္ထ ယတ္ထ ဒွိပါဒါ၊ ယတ္ထ ယတ္ထ စတုပ္ပါဒါ၊ ယတ္ထ ယတ္ထ ဗဟုပ္ပါဒါ၊ ပါဒအန္ဓံ၊ ဦရုအန္ဓံ၊ စက္ခုအန္ဓံ၊ မုခအန္ဓံ၊ ဇိဝှာအန္ဓံ။

၄။ ။ နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ၊ သကလလောကဓာတုမာတာပိတု ဗုဒ္ဓရက္ခန္တံ ကတံ၊ သကလလောကဓာတုမာတာပိတုဓမ္မရက္ခန္တံ ကတံ၊ သကလလောကဓာတုမာတာပိတုသံဃရက္ခန္တံ ကတံ၊ ရတ္တိံဝါ ဒိဝါ ဝါ သဒါ မံ ရက္ခန္တု။

၅။ ။ သဗ္ဗဒေဝတာယ ဣမဿ ပရိမိတ္တဇာလဿ တေဇေန ဣမသ္မိံ အပါကဍ္ဎာ သရီရေ ယေကေစိ ဥပဒ္ဒဝါ အာနုဘာဝေန တေဇေန ဣမသ္မိံ လောကေ, ဣမသ္မိံ ဇမ္ဗုဒီပေ, ဣမသ္မိံ ပဗ္ဗတေ, ဣမသ္မိံ နဂရေ, ဣမသ္မိံ ဂေဟေ သဗ္ဗသတြု ဝိနဿန္တု သဗ္ဗေ ဥပဒ္ဒဝါ ဝိနဿန္တူတိ။

ပရိမိတ္တဇာလသုတ္တံ နိဋ္ဌိတံ။

## ၁၁။ ဒေဝဒတ်ကျောက်မောင်းဆင်သည့်နေရာ

ဂိဇ္ဈကုဋ်တောင်တွင်ရှိသည်။ ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်ထိပ်မှ ကျောက်မောင်း ဆင်၍ ကျောက်တုံးကြီးကို လှိမ့်ချခဲ့၏။ မြတ်စွာဘုရားခြေမတော်တွင် သွေးခြည်ဥအောင် ဒဏ်ရာရခဲ့သည်။ ဒဏ်ရာကို သမားတော်ဇီဝက ကုသပေးခဲ့ရသည်။

## ၁၂။ ကျောက်လှည်းဘီးရာများ

ရာဇဂြိုဟ်မြို့ မှ ဗုဒ္ဓဂယာသို့ အထွက်တွင် ရှိသည်။


# သင်္ကဿနဂိုရ်

သင်္ကဿနဂိုရ်သည် မိဂဒါဝုန်မှ ၃၃၆-မိုင်ဝေး၍၊ သင်္ကဿမှသာဝတ္ထိသို့ မိုင် ၂၇၀ ကွာဝေးပါသည်။

မြတ်စွာဘုရားရှင်သည်၊ သတ္တမဝါမဆိုမိ၊ သာဝတ္ထိပြည်၌ တိတ္ထိတို့အား ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူ၍ တာဝတိံသာနတ်ပြည်သို့ နှစ်လှမ်း (သုံးဖဝါး) ဖြင့် ကြွတော်မူသည်၊ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ ထက်၌ ထိုင်တော်မူလျက် မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သား အမျူးထား၍ နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူသည်။ ဝါကျွတ်သောအခါ သီတင်းကျွတ်လပြည့်နေ့တွင် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း သုံးသွယ်ဖြင့် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းကြွတော်မူလာသည်။ နတ်ဗြဟ္မာအပေါင်းဝန်းရံလျက် ဆင်းသက်တော်မူရာ စောင်းတန်း (လှေကား) ဦးသည် သင်္ကဿနဂိုရ်ပြည်သို့ ဆိုက်ရောက်သည်။ မြတ်စွာဘုရား ဆင်းသက်တော်မူပြီးသည့် အခါ စောင်းတန်းသုံးသွယ်သည် မြေထဲသို့ ဝင်ရောက်၍ မြေပေါ်၌ လှေကားခုနှစ်ထစ်သာ ကျန်ရစ်သည်ဟု သိရပါသည်။ သီရိဓမ္မာသောကမင်းကြီးသည် ထိုစောင်းတန်းလှေကားပေါ်၌ ဉာဏ်တော် ၁၆-ပေရှိသော စေတီတော်တစ်ဆူကို တည်ထားခဲ့သည်ဟု မှတ်တမ်းများတွင် တွေ့ရှိရပါသည်။

သင်္ကဿနဂိုရ်ပြည်ရှိ စောင်းတန်းဦးတည်ရာ ဌာနသည် ဘဒ္ဒကမ္ဘာ၌ပွင့်တော်မူမည့် ဘုရားငါးဆူတို့ တာဝတိံသာမှဆင်းတိုင်း ဤနေရာ ဤဌာနမှာပင် စောင်းတန်းဦး ဆိုက်ရောက်ရသည့် အဝိဇဟိတ (မစွန့်ပယ်အပ်သော) ဌာန လေးဌာနအနက် တစ်ခုအပါ အဝင်ဖြစ်ပါသည်။

# ရာဇဂြိုဟ်မြေပုံ


အဇာတသတ်စေတီ
ဂျပန်ကျောင်း
ဝေဠုဝန်ကျောင်း
ဝေဘာရတောင်
ရေပူစမ်း
တံတား
ဓာတ်တော်တိုက်
တပေါဒါမြစ်
မြန်မာကျောင်း
ဝေပုလ္လတောင်
VIPULAGIRI 1063'
RATNAGIRI
CHHATAGIRI
ဂျပန်ဘုရားကျောင်း
ဂိဇ္ဈကုဋ်တောင်
ဘုရားသီတင်းသုံးခဲ့ရာ
နေရာ
အာနန္ဒာဂူ
ကြိုးလှေခါးစက်
မဒ္ဒကုစ္ဆိကျောင်း
ဇီဝကသရက်ဥယျာဉ်
UDAYA HILL 724
ပဏ္ဍဝတောင်
မြို့ရိုးဟောင်း
SONA HILL
641'
N




ပါတိမောက်ပြရာရုပ်တုတော်၊ ဝေဠုဝန်ကျောင်း ၊ ရာဇဂြိုလ်



ဘုရားရှင်သီတင်းသုံးရာ ၊ ဂိဇ္ဈကုဋ်တောင် ၊ ရာဇဂြိုလ်




ဂိဇ္ဈကုဋ်တောင်ထိပ် ကျောင်းတော်ရာ ၊ ရာဇဂြိုလ်



ထိုင်ခုံစက်လှေကား
ရာဇဂြိုလ်

နေႃလၼ်း ၊ ဒေသယေႃၶလွင်ႈဢိူဝ်ယနေႃလၼ်း ၊ ပွၵ်ႈဝၼ်ၶိုၵ်ႈပွႆးၸေဢုၼ်း





အသောကကျောက်တိုင် ၊ သက်သနဂိုရ်



စောင်းတန်းဦးဆိုက်ရောက်ရာ ၊ အဝိဇဟိတဌာန ၊ သက်သနဂိုရ်

ဘုရားဖူးများ တညီတညွတ်တည်းဆန္ဒရှိပါက သက်သဿနဂိုရ်မှတဆင့် နယူးဒေလီမြို့သို့ ပို့ဆောင် ပေးနိုင်ပါသည်။ လမ်းတွင် အာဂရာမြို့ကို ဖြတ်ကျော်သွားရပါမည်။ သက်သဿနဂိုရ်မှ အာဂရာသို့ ၁၂၆–မိုင် ဝေး၍ အာဂရာမြို့သည်၊ ယမုံနာနှင့် ဂင်္ဂါမြစ်အကြားတွင် တည်ရှိပါသည်။ လမ်းခရီးတွင် အာဂရာ ခံတပ်နှင့် ကမ္ဘာကျော် Taj Mahal အဆောက်အဦကို တွေ့ရပါသည်။ နယူးဒေလီမြို့တွင် တစ်ညအိပ်ရပ်နားရပါမည်။

## ပို့ဆောင်ရေးအစီအစဉ်

မဟာတိုးဘုရားဖူးအဖွဲ့မှ ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင်နှင့်အတူ ဘုရားဖူးများထဲမှ သင့်လျော်သူ တစ်ဦးဦးအား ဘုရားဖူးအဖွဲ့ခေါင်းဆောင်အဖြစ် သတ်မှတ်ပေးပါမည်။ ခရီးစဉ်တစ်လျှောက် ကြီးကြပ်ရေးအဖွဲ့ ခေါင်းဆောင်နှင့် ဘုရားဖူးအဖွဲ့ခေါင်းဆောင်တို့မှ ဘုရားဖူးတစ်ဖွဲ့လုံးအား စောင့်ရှောက်သွားမည် ဖြစ်ပါသည်။

## မော်တော်ယာဉ်ဖြင့်သွားလာခြင်း

မော်တော်ယာဉ်ဖြင့် သွားလာရာတွင်၊ ခရီးစဉ်တလျှောက်အတွက် ထိုင်ခုံနေရာကို မဟာတိုးအဖွဲ့ကသတ်မှတ်ပေးလိုက်မည်ဖြစ်ပါသည်။ မော်တော်ယာဉ်ပေါ်တွင် မော်တော်ယာဉ် ရှေ့ပိုင်းမှစ၍ အစဉ်အလိုက် အောက်ပါအတိုင်း နေရာချထားပေးမည်ဖြစ်ပါသည်။

(က) ရဟန်းသံဃာတော်များ (ဝါစဉ်အလိုက်)

(ခ) သာသနာ့ဝင်သီလရှင်များ

(ဂ) သက်ကြီးရွယ်အိုများ

(ဃ) သက်လတ်တန်းများ

(င) ငယ်ရွယ်သူများ

သက်ကြီးရွယ်အိုများတွင် စောင့်ရှောက်သူပါဝင်ပါက အတူတကွ နေရာချထားပေးပါမည်။ ဇနီးမောင်နှံများ ကိုလည်း မော်တော်ယာဉ်ပေါ်တွင် ယှဉ်တွဲနေရာချထားပေးပါမည်။ ဆွေမျိုးအုပ်စု အပေါင်းအသင်းအုပ်စုများ အတွက်လည်း၊ အနီးစပ်ဆုံးဖြစ်အောင်နေရာ ချထားပေးမည်ဖြစ်ပါသည်။

## တည်းခိုရေးအစီအစဉ်

ဘုန်းတော်ကြီးကျောင်းများတွင် တည်းခိုမည်ဖြစ်ပြီး၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများ၊ အမျိုးသားများ၊ အမျိုးသမီးများ ခွဲခြား၍ သီးသန့်စီနေရာချထားပေးမည်ဖြစ်ပါသည်။ အသက်အရွယ်ကြီး ရင့်သူများအား အတက်အဆင်းလွယ်ကူသည့်နေရာများတွင် ဦးစားပေး နေရာချထားပေးပါမည်။

## ကျွေးမွေးရေးအစီအစဉ်

ဘုန်းတော်ကြီးကျောင်းများမှ စီစဉ်သည့်၊ အောက်ပါမြန်မာ အစားအစာများကို ကျွေးမွေးမည် ဖြစ်ပါသည်။

နံနက်စာ – ထမင်းကြော်၊ ကြာဇံကြော်၊ ကြာဇံချက်၊ ပူရီ၊ လက်ဖက်ရည်၊ ကော်ဖီ၊

နေ့လည်စာ – မြန်မာထမင်းဟင်း (ကြက်သား၊ ငါး၊ ကြက်ဥ) အသီးအရွက်ကြော်၊
မွန်းလွဲစာ – လက်ဖက်ရည်၊ ကော်ဖီ၊ အချိုရည်၊ ဘီစကစ်၊ သစ်သီး၊
ညစာ – မြန်မာထမင်းဟင်း (ကြက်သား၊ ငါး၊ ကြက်ဥ) အသီးအရွက်ကြော်၊

## ခရီးမထွက်ခွာမီအစည်းအဝေးခေါ်ယူခြင်း

ဘုရားဖူးလိုက်ပါရန် ဆန္ဒပြုပြီးသူများအား ရက်သတ္တတစ်ပတ်ကြိုတင်၍ ဘုရားဖူးသွားရောက် မည့် နေ့ရက်အတိအကျကို မဟာတိုးဘုရားဖူးအဖွဲ့မှ အကြောင်းကြားမည်ဖြစ်ပြီး ထွက်ခွာမည့် နေ့မတိုင်မီ အစည်းအဝေးခေါ်ယူ၍ ခရီးစဉ်နှင့် စပ်လျဉ်း၍ သိသင့်သိအပ်သည်များကို ရှင်းလင်းပြောကြားပါမည်။ အစည်းအဝေးအပြီးတွင် ဘုရားဖူးတစ်ဦးချင်းသို့ အောက်ပါပစ္စည်းများ ထုတ်ပေးမည်ဖြစ်ပါသည်။

| | | | |
|---|---|---|---|
| (က) | ခရီးဆောင်အိတ်အကြီးနှင့်အသေး | – | နှစ်လုံး |
| (ခ) | ယောဂီပဝါ | – | တစ်ထည် |
| (ဂ) | ရင်ထိုးတံဆိပ် | – | တစ်ခု |
| (ဃ) | လမ်းညွှန်စာအုပ် | – | တစ်အုပ် |
| (င) | ရွှေကြာသက်န်း (အဖွဲ့အတွက်) | – | သုံးစုံ |

# ယူဆောင်ခွင့်ပြုသည့်ပစ္စည်းများ

ဘုရားဖူးများသည် နိုင်ငံတော်က ခွင့်ပြုသော ပစ္စည်းများကိုသာ ယူဆောင်ရပါမည်။ တရားဥပဒေ ဖြင့် တားမြစ်ထားသော ပစ္စည်းများကို ယူဆောင်ခွင့်မပြုပါ။ အပြန်ခရီးတွင်လည်း ဤစည်းကမ်းကို လိုက်နာကြရပါမည်။

## (က) ကိုယ်ပိုင်သုံးပစ္စည်းများ

- အဝတ်အစား၊ အနွေးထည်၊ ဦးထုပ်၊ ခြေအိတ်/လက်အိတ်၊ ထီး။ (လိုအပ်သူများအတွက်)
- မျက်နှာသုတ်ပဝါ၊ သွားတိုက်ဆေး၊ သွားပွတ်တံ ရေအိမ်သုံးစက္ကူ၊ ဆပ်ပြာ၊ လက်သုတ်ပဝါ၊ ဇွန်း၊ ခက်ရင်း၊ လက်နှိပ်ဓါတ်မီး
- ဆေးဝါးများ (မိမိသုံးစွဲနေကျဆေးဝါးများ)
- လက်ဖက်၊ ငါးပိကြော်၊ ငါးခြောက်ကြော်၊ သရက်သီးသနပ် စသည်များ၊ (အနံ့အသက်၊ အရည်များမထွက်စေရန် သေချာစွာ ထုပ်ပိုးရမည်)

## (ခ) လှူဘွယ်ပစ္စည်းများ

- သင်္ကန်းပရိက္ခရာများ၊ ထီး၊ ယပ်၊ ဖိနပ်များ
- ဖရောင်းတိုင်၊ အမွှေးတိုင်
- သင်ဖြူးဖျာနှင့်မြက်တံမြက်စည်းများ
- ငါးခြောက်၊ ပုဇွန်ခြောက်၊ ငါးပိ၊ ငံပြာရည်၊ လက်ဖက်စုံ နှင့် အချိုရည်မှုန့်စသည်များ (အနံ့အသက် အရည်များမထွက်စေရန် သေချာစွာ ထုပ်ပိုးရမည်)
- ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာအုပ်များ

ဇွန်းခက်ရင်း၊ မုတ်ဆိတ်ရိတ်ဓါး စသော လူကိုအန္တရာယ်ပြုနိုင်သည့် ချွန်ထက်သော

ပစ္စည်းများနှင့် ကင်မရာ၊ ရေဒီယိုနှင့် လက်နှိပ်ဓါတ်မီးသုံး ဓါတ်ခဲများကို ကိုယ်နှင့်အတူ ယူဆောင်ခွင့်မပြုပါ။ ၎င်းပစ္စည်း များကို ခရီးဆောင်အိတ်အကြီးတွင် ထည့်သွင်းယူဆောင်ရပါမည်။

ခရီးစဉ်တွင် ညအိပ်မည့် ဘုန်းတော်ကြီးကျောင်း ခုနစ်ကျောင်းနှင့် နာလန္ဒာတက္ကသိုလ်တို့အတွက်လှူရန် ဘုန်းတော်ကြီးကျောင်း ၁၀–ကျောင်းရှိပါသည်။ အလှူရှင်ဘုရားဖူးများအနေနှင့် ကျောင်း ၁၀–ကျောင်းအတွက် အညီအမျှ လှူဒါန်းကြမည် ဆိုပါလျှင်၊ လှူဘွယ်ဝတ္ထု ၁၀–ခုပြုလုပ်၍ မဟာတိုး အဖွဲ့သို့ အပ်နှံပါက၊ မဟာတိုးအဖွဲ့မှ စုပေါင်းအလှူထုပ်များတွင် ထည့်သွင်းထုပ်ပိုးပေးမည် ဖြစ်ပါသည်။

# လှည့်လည်ကြည့်ရှုခြင်းနှင့်ခရီးထွက်ခွာခြင်း

၁။ ဘုရားဖူးများသည် ဘုရားဖူးချိန်နှင့် ခရီးသွားချိန်များတွင် မြန်မာအမျိုးသားဝတ်စုံကို ဝတ်ဆင်ရ ပါမည်။

၂။ အဖွဲ့ဖြင့်သွားသော ခရီးစဉ်ဖြစ်ခြင်းကြောင့် ဘုရားဖူးများသည် သတ်မှတ်ထားသော ခရီးစဉ်များအရ ကြီးကြပ်ရေးအဖွဲ့၏ နေ့စဉ်သွားလာ စားသောက်ရေး အစီအစဉ်များကို လိုက်နာရမည်ဖြစ်ပြီး အဖွဲ့မှ ခွဲထွက်၍ မိမိအစီအစဉ်ဖြင့် ဒေသတစ်ခုခုတွင် နေထိုင်ခဲ့ခြင်း၊ ခွဲထွက်သွားခြင်း လုံးဝမပြုလုပ်ရ။

၃။ ဘုရားဖူးများအနေဖြင့် ခရီးလှည့်လည်စဉ် အဖွဲ့နှင့်ကွဲကွာပါက နိုင်ငံခြားဒေသ၌ ဘာသာစကား၊ ဓလေ့ထုံးစံ စသည်များ မတူညီသည့်အလျောက် အခက်အခဲတွေ့နိုင်ပါသည်။ အကယ်၍ ခွဲထွက်ပါက ခွဲထွက်သူ တာဝန်သာဖြစ်ပါသည်။ ထို့အပြင် ဒေသတစ်ခုသို့ ထွက်ခွာရန် သတ်မှတ်သည့်အချိန်တွင် ကျန်ရှိခဲ့ပါက တာဝန်ယူမည် မဟုတ်ပါ။

၄။ ခရီးစဉ်တစ်လျှောက်တွင် လေအေးစက်ပါ မော်တော်ယာဉ်ကြီးဖြင့် သွားလာမည်ဖြစ်၍ ထိုင်ခုံနေရာ ယူရာတွင် အသက်အရွယ်အလိုက် သတ်မှတ်ပေးထားသော ထိုင်ခုံများတွင် ထိုင်သည့် စံနစ်ကို ကျင့်သုံးရပါမည်။ သတ်မှတ်ထားသော ထိုင်ခုံများကို ဘုရားဖူးများ အချင်းချင်း သဘောတူညီ ချက်နှင့် အညီ လဲလှယ်ထိုင်နိုင်ပါသည်။

၅။ ခရီးထွက်ခွာသောနေ့များ၌ သတ်မှတ်သည့်အချိန်များတွင် အချိန်မီအိပ်ရာမှထ၍ မော်တော်ယာဉ်များတွင် သတ်မှတ်သည့်ထိုင်ခုံ၌ နေရာယူရန်ဖြစ်ပါသည်။ လှည့်လည်ကြည့်ရှုရာတွင် အုပ်စုအလိုက်၊ အဖွဲ့အလိုက် လှည့်လည်ကြည့်ရှုနိုင်သည့် နေရာများရှိသလို၊ တစ်ဦးချင်း မိမိအစီအစဉ်ဖြင့် ကြည့်ရှုနိုင်ပါသည်။ တစ်ဦးချင်း လှည့်လည်ကြည့်ရှုသောအခါ လမ်းမမှားရန်နှင့် အချိန်မီပြန် ရောက်ရန်လိုအပ်ပါသည်။

၆။ ခရီးစဉ်တလျှောက် ခရီးလှည့်လည်ရာတွင် ဘုရားဖူးများကို ရှေ့ဆောင်၍ လိုက်လံပို့ဆောင်မည့် ကြီးကြပ်ရေးအဖွဲ့က ရောက်ရှိမည့် ဒေသများ၏ အကြောင်းအရာနှင့် ဗုဒ္ဓဖြစ်စဉ်များကို ရှင်းလင်း ပြောကြားမည်ဖြစ်ပါသည်။

# သံဝေဇနီယလေးဌာနအပါအဝင် သာသနိကနေရာဌာနအသီးသီး၌ လျှုဒါန်းပူဇော်ပတ်ပြုဘွယ်ရာများ

အထက်ဖော်ပြပါ နေရာဌာန အသီးသီး၌ ရွတ်ဆိုပွားများနိုင်သည့် ပရိတ်တရားတော်များ၊ သုတ္တန်ဒေသနာများကို အထက်တွင် ဖော်ပြထားပြီးဖြစ်ပါသည်။ ရရှိသည့် အချိန်အရ အားလုံးကို ပြည့်စုံစွာ ရွတ်ဆိုနိုင်မည်မဟုတ်ပါ။ နေရာအသီးသီးအလိုက် မိမိတို့ သဒ္ဓါတရား အလျှောက် လျှုဒါန်းပူဇော်မည့် အစီအစဉ်များကို အောက်တွင် ဖော်ပြထားပါသည်။

## ၁။ ဗုဒ္ဓဂယာ

- မဟာဗောဓိစေတီ
- မဟာဗောဓိစေတီအတွင်းရှိ ရုပ်ပွားတော်
  (ဆွမ်းခဲဘွယ်ဘောဇဉ်၊ ပန်း ၊ ရေချမ်း၊ အမွှေးတိုင်၊ ဆီမီးတိုင်)
- မဟာဗောဓိပင်နှင့် ပလ္လင်တော်
  (ဆွမ်းခဲဘွယ်ဘောဇဉ်၊ ဆီမီးအမွှေးတိုင်၊ ပန်းရေချမ်း၊ ရိုးရိုးသင်္ကန်း၊ ကြာသင်္ကန်း၊
  ရွှေသင်္ကန်း ၊ ရွှေချခြင်း ၊ အနေကထိုင် ၊ ကနက္ကဒန်ထီး၊ တံခွန်၊ ကုက္ကား၊ ညောင်ရေသွန်းလောင်းခြင်း)
- ရတနာဃရစံအိမ် (ဆီမီး၊ အမွှေးတိုင်)
- ဒုက္ကရစရိယာတောင်ရှိဂူအတွင်း ရုပ်ပွားတော်
  (ဆီမီး၊ အမွှေးတိုင်)

## ၂။ ရာဇဂြိုဟ်

- ပထမ သင်္ဂါယနာတင်သော သတ္တပဏ္ဏိလိုဏ်ဂူ
  (ဆီမီး၊ အမွှေးတိုင်၊ ရွှေသင်္ကန်း)
- ဂိဇ္ဈကုဋ်တောင်ထိပ်ရှိ မြတ်စွာဘုရားကျောင်းတော်ရာ
  (ဆီမီး၊ အမွှေးတိုင်၊ ရွှေသင်္ကန်း)

## ၃။ မိဂဒါဝုန်

- ဓမ္မရာဇိက စေတီနေရာ (ဆီမီး၊ အမွှေးတိုင်၊ ရွှေသက်န်း)
- မူလဂန္ဓကုဋိဝိဟာရ (ဆီမီး၊ အမွှေးတိုင်၊ ရွှေသက်န်း)
- ဓမ္မစကြာတရားဟောနေပုံ ဆင်းတုတော်များ (ဆီမီး၊ အမွှေးတိုင်)

## ၄။ သာဝတ္ထိ

- ဇေတဝန်ကျောင်းတော်ရာရှိ ဂန္ဓကုဋိတိုက်နေရာ
(ဆီမီး၊ အမွှေးတိုင်၊ ရွှေသက်န်း (ရွှေချခြင်း))
- အာနန္ဒာ ဗောဓိပင် (ဆီမီး၊ အမွှေးတိုင်၊ ညောင်ရေသွန်းလောင်းခြင်း)

## ၅။ လုမ္ဗိနီ

- မယ်တော်မာယာ၏ ဖွားတော်မူခန်းရုပ်ထုအုတ်တိုက်
(ဆီမီး၊ အမွှေးတိုင်)
- လောကမဏိစူဠာစေတီ (ဆီမီး၊ အမွှေးတိုင်၊ ပန်း ၊ ရေချမ်း)


## ၆။ ကုသိနာရုံ

- မဟာပရိနိဗ္ဗာန်ကျောင်းတော်မှ ရုပ်ပွားတော်
(ဆီမီး၊ အမွှေးတိုင်၊ ပန်းရေချမ်း၊ ရွှေသက်န်း (ရွှေချခြင်း)၊
ရိုးရိုးသက်န်း၊ ကြာသက်န်းများကို လွှမ်းလှူခြင်း၊
(ရုပ်ပွားတော်အပြည့် လွှမ်းလိုလျှင် ကေသီသက်န်း
(၃)ထည်ကို ဆက်ရန်လိုပါသည်)၊ ကနက္ကာဒန်ထီး။
- အင်္ဂါရစေတီ (ဓါတ်တော်ကုန်းစေတီ)
(ဆီမီး၊ အမွှေးတိုင်၊ ရွှေသက်န်း (ရွှေချခြင်း)

မှတ်ချက် ။ (၁) ရွှေသက်န်း (ရွှေချခြင်း) ကပ်လှူလိုပါက၊ ကော်ပုလင်း (သို့မဟုတ်) သစ်စေး ယူဆောင်လာရန် လိုပါသည်။


(၂) ထို့အပြင် မိမိတို့ သဒ္ဓါတရားအလျောက် လှူဖွယ်ဝတ္ထုငွေများကိုလည်း အလှူခံပုံးများ တွင်ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

## မဟာလတိုး_ဗုဒ္ဓဂယာ ဘုရာဖူးခရီးစဉ် မြေပုံ



## မြတ်စွာဘုရား၏ ဝါတော်စဉ်

| စဉ် | | ဝါတော် |
|---|---|---|
| ၁။ | ဗာရာဏသီပြည် မိဂဒါဝုန်တော ပထမဝါ | ၁ |
| ၂။ | ရာဇဂြိုဟ် ဝေဠုဝန်ကျောင်း၊ ဒုတိယဝါ၊ တတိယဝါ၊ စတုတ္ထဝါ | ၃ |
| ၃။ | ဝေသာလီ ကူဋာဂါရဇရပ်၊ ပဥ္စမဝါ | ၁ |
| ၄။ | ရာဇဂြိုဟ် မကုဋ္ဌတောင် ဆဋ္ဌမဝါ | ၁ |
| ၅။ | သံသုမာ၊ ဘေသကလတော အဋ္ဌမဝါ (ပဲစင်းငုံတော) | ၁ |
| ၆။ | ကောသမ္ဗီ ဃောသိတာရုံကျောင်း၊ နဝမဝါ | ၁ |
| ၇။ | ကောသမ္ဗီ ပလလေယျတော(ပါလိလေယျတော)ဒသမဝါ(သံဃာအုပ်စုနှစ်စုကွဲသဖြင့် ပလလဲတောသို့ကြွတော်မူသည်။) | ၁ |
| ၈။ | နာလိကာရုံကျောင်းတော်ကေဒသမဝါ (နာဠက ပုဏ္ဏားရွာ - ရာဇဂြိုဟ် ) | ၁ |
| ၉။ | ဝေရဉ္ဇရွာ ဝနပ္ပတိတောအုပ် တမာပင်ရင်း ဒွာဒသမဝါ<br>(မိုးခေါင်၍အစာရေစာခေါင်းပါးသဖြင့် မုယောဆန်ကြမ်းကို တဝါတွင်းလုံးဘုဉ်းပေးသုံးဆောင်တော်မူရသည်) | ၁ |
| ၁၀။ | ဇာလိယတောင် ၁၃-၁၈-၁၉ ကြိမ်မြောက် ပေါင်းသုံးဝါ | ၃ |
| ၁၁။ | သာဝတ္ထိဇေတဝန်ကျောင်း ၁၄ နှင့် ၂၁ မှ ၄၄ ထိ ၂၅-ဝါတိုင် ဆိုတော်မူသည်။ | ၂၅ |
| ၁၂။ | ကပိလဝတ် နိဂြောဓာရုံကျောင်း ပရနွရသမဝါ | ၁ |
| ၁၃။ | အာဠဝီပြည် မဟာဝုန်တော သောဠသမဝါ | ၁ |
| ၁၄။ | နာလန္ဒရွာ၊ သာရိပုဏ္ဏေားမကြီးကျောင်း သတ္တရသမဝါ | ၁ |
| ၁၅။ | ဂိဇ္ဈကုဋ်တောင် ဝိသတိမဝါ | ၁ |
| ၁၆။ | ဗေလုဝရွာ (ဝေသာလီ) ၄၅-ဝါမြောက်ဝါ | ၁ |
| ၁၇။ | တာဝတိံသာတွင်သတ္တမဝါဆို၍ ဆင်းသက်တော်မူသော သင်္ကသနဂိုရ်မြို့ | ၁ |



ကပ္ပိလဝတ်
လုမ္ဗိနီ
ဖော်တနဂါ
သံသုမာရဂိရိ
ဘဂ္ဂပြည်
ဝေသာလီ
ဗာရာဏသီ
သာဝတ္ထိ
ရာဇဂြိုဟ်
နာဠန္ဒာ
ဂယာမြို့
ကောသမ္ဗီ
ဂင်္ဂါမြစ်
မဟာဗောဓိပင်
အာဠဝီပြည်
ပါဋလိပုတ်
ပါဝါ
ကုသိနာရုံ
ဗလက္ကနား
နေရဥ္ဇရာ
မိုဂါ
ပလလဗုဇ်တော
တိုင်း

ပါဠေက်ခဉ်မြေပုံ

## မဇ္ဈိမဒေသနှင့် ပစ္စန္တရာဇ် ဒေသပိုင်းခြားပြသော နယ်နိမိတ်များ

| | | |
|---|---|---|
| ၁။ အရှေ့အရပ် | – | အင်္ဂတိုင်းကဇင်္ဂလနိဂုံး၊ ခေတ်သစ်ဘီဟာပြည်နယ် သန္တာလနှင့် ပရဂနာခရိုင်။ |
| ၂။ အရှေ့တောင်အရပ် | – | အင်္ဂတိုင်း၊ သလဝတီ(ဆီလာအီ) ဘီဟာပြည်နယ် (ကိုးလ်ကတ္တားမြို့အနောက်မြောက်အရပ်) |
| ၃။ တောင်အရပ် | – | အဿကတိုင်းသေတ ကဏ္ဏိကနိဂုံး၊ အန္ဓရပရာဒေ့ရှ်(Andhra Pradesh) ပြည်နယ်ဂေါဒဝတီ (Godavati) အရပ် (ဟာဇာရိဘာဂခရိုင်) |
| ၄။ အနောက်တောင်အရပ် | – | အဝန္တိတိုင်း၊ ဒက္ခိဏာပထ၊ ခေတ်သစ်မဓ္ဈယပရာဒေ့ရှ် (Madhya Pradesh) ပြည်နယ်၊ မဟေဆဝါး (Maheshwar) အရပ်။ |
| ၅။ အနောက်အရပ် | – | ကုရုတိုင်း၊ ထုနဗြာဟ္မဏရွာ၊ ခေတ်သစ်ဟာရယန (Haryana) ပြည်နယ်၊ ကာရနာခရိုင်၊ ထာနေဆရ (Thanasar) ရွာ။ |
| ၆။ မြောက်အရပ် | – | ဥသီရဒ္ဓဇတောင်၊ ဟိမဝန္တာတောင်ခြေခေတ်သစ် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်နှင့် နီပေါနိုင်ငံ နယ်စပ်၊ ဟရိဒွာရ (Haridwar) အရပ်။ |

# မဇ္ဈိမဒေသမြေပုံတော်



## ပိဋကတ်တော်လာ မြစ်ကြီးငါးစင်းနှင့် အခြားမြစ်များ

**အစိရဝတီ (Achiravati)** သို့မဟုတ် ရာပတိ (Rapti) မြစ်သည်၊ နီပေါနိုင်ငံတွင် မြစ်ဖျားခံသည်၊ မြစ်ကမ်းတွင် ဘာဟရိုက်ချ်၊ သာဝတ္ထိ၊ ဗာလရာမ်ပုရ်နှင့် ဂေါရက္ခပုရ် မြို့များတည်ရှိကြ၍ မိုင်ပေါင်း ၄၀၀ ရှည်လျား၏


ဂင်္ဂါမြစ် သည် ဟိမဝန္တာမှ မြစ်ဖျားခံသည်၊ မြစ်ကမ်းတွင် ဟရိဒွါရ၊ ကနောဇ်၊ အလဟာဗာဒ်၊ မိရဇာပုရ်၊ ဗာရာဏသီ၊ ပတ္တနားနှင့် ကိုးလ်ကတ္တားမြို့များ တည်ရှိကြ၍ မိုင်ပေါင်း ၁၅၂၀ ရှည်လျား၏။

**မဟီ (Mahi) မြစ် သို့မဟုတ် ဂဏ္ဍက် (Gandak) မြစ်သည် နီပေါနိုင်ငံတွင် မြစ်ဖျားခံသည်၊ ပတ္တနားမြို့အရှေ့ဘက်တွင် ဂင်္ဂါမြစ်နှင့် ဆုံ၏၊ ဟာဂျီပုရ်မြို့ တည်ရှိသည်။**

**ယမုနာ (Yamuna)** မြစ် သည် ဟိမဝန္တာမှ မြစ်ဖျားခံသည်။ အလဟာဗာဒ်မြို့၌ ဂင်္ဂါမြစ်နှင့်ဆုံ၏၊ ဒေလီ၊ မထုရာ၊ အာဂရာ၊ ကောသမ္ဗီ နှင့် အလဟာဗာဒ် မြို့များတည်ရှိသည်။

**သရဘူ (Sarabu)** မြစ် သို့မဟုတ် ဆာရယု (Saryu) သို့မဟုတ် ဃာဃရား (Ghaghara) မြစ်သည် ဟရယန ပြည်နယ်တွင် မြစ်ဖျားခံသည်။ ချပရာ (Chapra) မြို့၌ ဂင်္ဂါမြစ်နှင့် ပေါင်းဆုံ၏၊ မြစ်ကမ်း၌ အယုဒ္ဓယ၊ ဖိုက်ဇာဗာဒ် နှင့် ချပရာ မြို့များတည်ရှိသည်။

# ပိဋကတ်တော်လာမြစ်ကြီးငါးစင်းနှင့်အခြားမြစ်များ




## ယနေ့အိန္ဒိယနိုင်ငံ ပြည်နယ်များနှင့် ဗုဒ္ဓခေတ်တိုင်းကြီး ၁၆ တိုင်းမြေပုံ မြေပုံညွှန်း

1. Himachal Pradesh (ဟီမာချယ်ပရာဒေ့ရှ်)
2. Punjab (ပန်ဂျပ်)
3. Hara yana (ဟာရယာန)
4. Arunachal Pradesh (အရုနာချယ် ပရာဒေ့ချ်)
5. Assam (အာသံ)
6. Nagaland (နာဂလန်း်ဒ်)
7. Manipur (မဏိပူရ်)
8. Megalaya (မိဂလယ)
9. Mizoram (မီဇိုရမ်)
10. Tripura (တရိပူရ)
11. Sikkim (ဆစ်ကင်း)
12. West Bengal (အနောက်ဘင်္ဂလား)

## ယနေ့အိန္ဒိယနိုင်ငံ ပြည်နယ်များနှင့် ဗုဒ္ဓခေတ်တိုင်းကြီး ၁၆ တိုင်းမြေပုံ မြေပုံညွှန်း

| မြေပုံ အညွှန်း | တိုင်း အမည် | မြို့တော် | အခြားမြို့များ | ယခုတည်ရှိရာပြည်နယ် |
|---|---|---|---|---|
| ၁ | မဂဓ | ရာဇဂြိုဟ် | - | ဗိဟာရ်ပြည်နယ် |
| ၂ | ဝဇ္ဇီ | ဝေသာလီ | - | ဗိဟာရ်ပြည်နယ် |
| ၃ | အင်္ဂ | စမ္ပာနဂိုရ် | ဘဒ္ဒိယ | ဗိဟာရ်ပြည်နယ်အရှေ့ပိုင်း |
| ၄ | ကာသိ | ဗာရဏသီ | - | ဉတ္တရာပရာဒေ့ရှ်ပြည်နယ် |
| ၅ | ကောသလ | သာဝတ္ထိ | ကပ္ပိလဝတ်ကဂါနဂ်လ၊ဥက္ကဋ္ဌ သာကေတ၊သာတဗျ | ဉတ္တရာပရာဒေ့ရှ်ပြည်နယ် |
| ၆ | စေဒိ | သဟဇာတိ | - | ဉတ္တရာပရာဒေ့ရှ်ပြည်နယ် |
| ၇ | ပဉ္စလ(ဉတ္တရ) | အဟိစ္ဆတြာ | - | ဉတ္တရာပရာဒေ့ရှ်ပြည်နယ် |
| | ပဉ္စလ(ဒက္ခိဏ) | ကမ္ပိလ္လ | ကဏ္ဏကုဇ္ဇ သင်္ကဿ၊သောရေယျ | ဉတ္တရာပရာဒေ့ရှ်ပြည်နယ် |
| ၈ | မလ္လ | ပါဝါ | - | ဉတ္တရာပရာဒေ့ရှ်ပြည်နယ် |
| ၉ | ဝံသ | ကောသမ္ဗီ | - | ဉတ္တရာပရာဒေ့ရှ်ပြည်နယ် |
| ၁၀ | အဝန္တိ | ဉဇ္ဇေနီ | ဝေဒိသ | မဓယာပရာဒေ့ရှ်ပြည်နယ် |
| ၁၁ | အဿက | ပတိဋ္ဌာန | - | မဓယာပရာဒေ့ရှ်ပြည်နယ် |
| ၁၂ | ကုရု | ဣန္ဒပတ္တ | ဟတ္ထိနာပုရ၊သမ္မာသဒမ္မ | ဟာရယာနပြည်နယ် |
| ၁၃ | သုရသေန | ဉတ္တရမဓုရာ | - | ရာဂျစတန်ပြည်နယ်အရှေ့ပိုင်း |
| ၁၄ | မစ္ဆ | မစ္ဆပုရ | - | ရာဂျစတန်ပြည်နယ်၊ဂျေပုရ် |
| ၁၅ | ဂန္ဓာရ | တက္ကသိလာ | - | ပါကစ်စတန်နယ်စပ်၊ဂျမ္မူး-ကရှမီးလ် |
| ၁၆ | ကမ္ဗောဇ | ကန္ဒာဟာ | - | အာဖကန်နစ္စတန်နိုင်ငံ |

## ယနေ့အိန္ဒိယနိုင်ငံ ပြည်နယ်များနှင့်
## ဗုဒ္ဓခေတ်တိုင်းကြီး ၁၆–တိုင်းမြေပုံ




- ပြည်နယ်ငယ် ၁၂-ခုကို အင်္ဂလိပ်ဂဏန်းဖြင့် မြေပုံညွှန်းထားပါသည်။ ကျန်ပြည်နယ် ၁၄-ခုကို စာဖြင့်ဖော်ပြပါသည်။
- နီပေါနိုင်ငံ၊ ဘူတန်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် အိန္ဒိယနိုင်ငံ၏ ပြည်နယ်များတွင် မပါဝင်ပါ။

# ခရီးစဉ်စတင်ထွက်ခွာစဉ်နှင့် မြတ်စွာဘုရားဖြစ်တော်မူစဉ် ဌာနတိုင်းသို့ ရောက်သည့်အခါ စုပေါင်းရွတ်ဆိုရန် ဘုရားရှိခိုး

၁။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (၃)ခေါက်

၂။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ။

၃။ ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိဓမ္မံသရဏံဂစ္ဆာမိ၊ ဒုတိယမ္ပိသံဃံ သရဏံ ဂစ္ဆာမိ။

၄။ တတိယမ္ပိ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ တတိယမ္ပိဓမ္မံသရဏံဂစ္ဆာမိ၊ တတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ၊

၅။ ဗုဒ္ဓံ – မြတ်စွာဘုရားကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

၆။ ဓမ္မံ – တရားတော်မြတ်ကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

၇။ သံဃံ – သံဃာတော်မြတ်ကို ပူဇေမိ ပူဇော်ပါ၏ အရှင်ဘုရား။

## ၈။ ပဋ္ဌာန်းပါဠိတော် (၂၄) ပစ္စည်း

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရ ပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊ နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊ အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရ ပစ္စယော၊ ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော၊ ဟောတိ။

## ၉။ အရပ် (၁၀) မျက်နှာ မေတ္တာပို့

(၁) အရှေ့အရပ်၌ရှိသော အနန္တစကြာဝဠာ၊ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၂) အနောက်အရပ်၌ရှိသော အနန္တစကြာဝဠာ၊ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၃) မြောက်အရပ်၌ရှိသော အနန္တစကြာဝဠာ၊ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း

ငြိမ်းကြပါစေ။ ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၄) တောင်အရပ်၌ရှိသော အနန္တစကြာဝဠာ၊ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသ ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၅) အရှေ့တောင်ထောင့်အရပ်၌ရှိသော အနန္တစကြာဝဠာ၊ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၆) အနောက်မြောက်ထောင့်အရပ်၌ရှိသော အနန္တစကြာဝဠာ၊ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၇) အရှေ့မြောက်ထောင့်အရပ်၌ရှိသော အနန္တစကြာဝဠာ၊ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၈) အနောက်တောင်ထောင့်အရပ်၌ရှိသော အနန္တစကြာဝဠာ၊ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၉) အောက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြာဝဠာ၊ အပါယ်ဘုံသား အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

(၁၀) အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တစကြာဝဠာ၊ အနန္တနတ်ဗြဟ္မာတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

**အမျှဝေ**

၁၀။ ကျွန်ုပ်တို့ ပြုပြုသမျှသော သီလကုသိုလ်၊ ဒါနကုသိုလ်၊ ဘာဝနာကုသိုလ် တို့၏ အဖို့ဘာဂကို (၃၁)ဘုံသား အားလုံးတို့အား အမျှပေးဝေလိုက်ပါ၏။ အမျှ... အမျှ... အမျှ... ယူတော်မူကြ ပါကုန်လော့ ... သာဓု... သာဓု... သာဓု...

**ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု**

# ဗုဒ္ဓဂယာ–သံဝေဇနီယလေးဌာနနှင့်အဝိဇဟိတလေးဌာနဘုရားဖူးခရီးစဉ်

## မြန်မာဘုန်းတော်ကြီးကျောင်းများ၏

## ဖုန်းနံပါတ်များ

| | | | |
|---|---|---|---|
| ၁။ | သက်ဿနဂိုရ် | ဦးနန္ဒ | 09412-069 639 |
| | | | 05692-264 131 |
| ၂။ | သာဝတ္ထိ | ဦးသြဘာသ | 05252-265 244 |
| ၃။ | လုမ္ဗိနီ | ဦးဝိသုတ | +97-771-580 179 |
| ၄။ | ကုသိနာရုံ | ဦးဉာဏိဿရ | 05564-271 584 |
| | | | 09412-120 404 |
| ၅။ | ပတ္တနား | ဦးဓမ္မစာရ | 06122-666 626 |
| | | ဦးဝိလာသဂ္ဂ | 09431-478 119 |
| ၆။ | ရာဇဂြိုဟ် | ဦးဉာဏောဘာသ | 06112-255 024 |
| ၇။ | ဗုဒ္ဓဂယာ | ဦးဉာဏိန္ဒ | 06312-200 721 |
| ၈။ | မိဂဒါဝုန် | ဦးဝဏ္ဏဓဇ | 05422-595 199 |
| | | | 09415-301864 |
| ၉။ | ကိုးလ်ကတ္တား | ဦးနန္ဒောဘာသ | 03325-383 417 |
| | | ဦးသီရိန္ဒ | 03322-373 731 |
| ၁၀။ | မြန်မာသံရုံး | နယူးဒေလီ | 01124-671 268 |
| ၁၁။ | ကောင်စစ်ဝန်ရုံး | ကိုးလ်ကတ္တား | 03322-178 273 |
| ၁၂။ | အဖွဲ့ခေါင်းဆောင် | မဟာတိုး | 09431-409 161 |

# ကျမ်းကိုးစာရင်း

၁။ သာသနာရေးဝန်ကြီးဌာန၏ ဗုဒ္ဓဂယာဘုရားဖူးလမ်းညွှန် (၁၉၉၈)

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်လမ်းညွှန် (၁၉၉၇)

၃။ မောင်အံ့(မဟာဝိဇ္ဇာ-ဘုံဘေ)၏ မြတ်ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ(၂၀၀၃)

၄။ ဗာရာဏသီအရှင်ဂမ္ဘီရဗုဒ္ဓိ၏ ဗုဒ္ဓဌာနလမ်းညွှန်မြေပုံများ

၅။ ဆရာတော်ဦးညာဏ၊ သာဝတ္ထိမြန်မာကျောင်း၏ မဇ္ဈိမဒေသ မြို့ရွာများမှ သမိုင်းရုပ်ကြွင်းပုံရိပ်လွှာများ (၂၀၀၃)

၆။ ကဗျာလင်္ကာဆရာကြီးမိုကလေးဦးသက်ရှေ၏ နတ်ပြည်တက်လမ်း ခရီးစဉ်

၇။ **Walking with the Buddha - Buddhist Pilgrimages in India. A good earth publication, New Delhi.**

**မဟာတိုး** ဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာ၊ သံဝေဇနီယလေးဌာန (အိန္ဒိယ-နီပေါ)

နှင့်

ထေရဝါဒဗုဒ္ဓဘာသာထွန်းကားရာ သာသနာပြုခရီးစဉ်များ

မဟာတိုးဘုရားဖူးအဖွဲ့သည် ဗုဒ္ဓဂယာ၊ သံဝေဇနီလေးဌာန (အိန္ဒိယ-နီပေါ)နှင့်
သီရိလင်္ကာနိုင်ငံများသို့ သာသနာပြုခရီးစဉ်များကို အကျိုးဆောင်ပေးလျက်ရှိပါသည်။

## သံဝေဇနီယလေးဌာန

၁။ ဖွားတော်မူရာ လုမ္ဗိနီ

၂။ ပွင့်တော်မူရာ ဗုဒ္ဓဂယာ

၃။ ဟောတော်မူရာ မိဂဒါဝုန်

၄။ စံတော်မူရာ ကုသိနာရုံ

## အဝိဇဟိတလေးဌာန

၁။ ပွင့်တော်မူရာ ဗုဒ္ဓဂယာ

၂။ ဟောတော်မူရာ မိဂဒါဝုန်

၃။ ဂန္ဓကုဋိတည်နေရာ ဇေတဝန်ကျောင်း

၄။ စောင်းတန်းဆိုက်ရာ သင်္ကဿနဂိုရ်

သီရိလင်္ကာ - ကိုလံဘို - ကန္ဒီ - အနုရာဓပူရ၊ ဗုဒ္ဓမြတ်စွယ်တော်၊ မူလမဟာဗောဓိပ

ထိုင်းနိုင်ငံ - ဘန်ကောက် - မြဘုရား၊ တောင်ပေါ်ဘုရား၊ အယုဒ္ဓယ

**မဟာတိုး** ဘုရားဖူးအဖွဲ့

အမှတ် (၁၃၅)၊ မဟာဗန္ဓုလလမ်းနှင့် လှည်းတန်းလမ်းဒေါင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

Tel : 221586,227322,09 501 9091

Fax : 95-1-227322

E-mail : mahatoe@mptmail.net.mm

www.mahatoe.com